# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း (၁၁) ရက် ၊ အင်္ဂါနေ့ ၊ (16-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၇)


**ဒို့တာဝန်အရေးသုံးပါး**

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားဖြစ်ထွန်းရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရွှေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ဓနုဖြူမြို့၊ ဇလွန်မြို့၊ လေးမျက်နှာမြို့၊ ဟင်္သာတမြို့နှင့် ပုသိမ်မြို့တို့ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၁၆

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုစတင်ဆောင်ရွက်

စာမျက်နှာ - ၁၉

## အမျိုးသားပြတိုက် (နေပြည်တော်) ကိုးနှစ်ပြည့်အထိမ်းအမှတ် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ ဖွင့်လှစ်ပြသ



နေပြည်တော် ဇူလိုင် ၁၅ အမျိုးသားပြတိုက်(နေပြည်တော်)ဖွင့်လှစ်ခြင်း ကိုးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါပြတိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁

## လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘက်မလိုက်ရေးအခြေခံမှုများကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံက တောင်းဆို

ဂျီနီဗာမြို့တွင် ၁၈-၆-၂၀၂၄ ရက်မှ ၁၂-၇-၂၀၂၄ ရက်ထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၆)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးပွဲများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့ပြီး ယင်းသည် ကောင်စီ၏ အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည်တို့နှင့်သွေဖည်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီသည် အစည်းအဝေးကာလအတွင်း အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်းသည့် မြန်မာ နိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုကိုလည်း အတည်ပြုချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ပံ့ပိုးပေးရန် မေတ္တာရပ်ခံသည့်အချက်အလက်များကို ထောက်ပံ့ပေးခဲ့သော်လည်း

စာမျက်နှာ ၁၈ ကော်လံ ၁


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရေး သစ်ပင်စိုက်ပျိုးပေး

"ဥတုရာသီတောကိုမှီ" ဆိုသည့်အတိုင်း သစ်ပင်၊ သစ်တောများသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းကျောင်းပေးလျက်ရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း သာယာလှပစေပါသည်။ ထို့ပြင် သစ်ပင်များသည် လူသားများ၏ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများအပြင် ကမ္ဘာကြီး၏ ဂေဟစနစ်အတွက် များစွာအရေးပါလှသည်။ သစ်ပင်၊ သစ်တောများရှိလျှင် ရာသီဥတုသည် သမမျှတသည်။ သစ်ပင်များသည် ပတ်ဝန်းကျင်ကို စိမ်းစိုသာယာလှပစေခြင်း၊ လေထုအရည်အသွေးကို မြှင့်တင်ပေးနိုင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးများကို နှေးကွေးစေခြင်း၊ ရေလွှမ်းမိုးမှုကို လျှော့ချပေးနိုင်ခြင်း၊ အပူချိန်လွန်ကဲမှုကိုတားဆီးပေးကာအရိပ်ပေးနိုင်ခြင်း၊ လေထုထဲမှကာဗွန်ကိုဖယ်ရှားပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများဆောင်ကြဉ်းပေးနိုင်သည့်အတွက် ကမ္ဘာပေါ်တွင် သစ်ပင်များမရှိပါက သက်ရှိများလည်း တည်ရှိနိုင်မည်မဟုတ်ပေ။

ယခုအခါ ကမ္ဘာ့အပူချိန် မြင့်တက်လာမှုနှင့်အတူ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ကမ္ဘာ့နိုင်ငံအသီးသီးတို့ ရင်ဆိုင်နေရသည်။ ၎င်းနိုင်ငံများအနက် ရာသီဥတုဖောက်ပြန်မှုကို ခံစားရသည့်နိုင်ငံများတွင် မြန်မာနိုင်ငံသည်လည်း ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သစ်တောများ ပြုန်းတီးခြင်း၊ ရေအရင်းအမြစ်များပျက်စီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်း စသည်တို့မှ ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ပြည်သူများ ရင်ဆိုင်ခံစားနေကြရသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးရေးလ ဇူလိုင်လတွင် နှစ်စဉ်နိုင်ငံအတွင်း ဒေသအနှံ့အပြား၌ မိုးရွာသွန်းချိန်ဖြစ်သည့်အလျောက် မြေဆီစိုသည့်အချိန်အခါတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီးပတ်ဝန်းကျင်၌ ပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးခဲ့ကြောင်းသိရသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင်၊ ပျဉ်းကတိုး ၃၀၀ ပင်၊ ပိတောက် ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၀ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။

သို့ဖြစ်ရာ နိုင်ငံအတွင်းရှိ ရပ်ရွာမြို့ပြများ သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့်အတူ သစ်ပင်သစ်တောများနှင့် သဘာဝ ပတ်ဝန်းကျင်တို့ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်မှုများကို တာဝန်ရှိသူများနှင့် ပြည်သူများ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပြန်လည်ပြုစုပျိုးထောင်ရန်ကို လူတို့ကသာ စွမ်းနိုင်သည့်အလျောက် နိုင်ငံသူနိုင်ငံသား အားလုံးက သစ်ပင်ကို ချစ်ခင်စွာစိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ကြပါရန် အကြံပြုရေးသားအပ်ပါသည်။

# အင်ဒေါင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၅ ကောင် နေထိုင်ကျက်စားလျက်ရှိ



မန္တလေး ဇူလိုင် ၁၅

ဧရာဝတီမြစ်လင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် အင်ဒေါင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၅ ကောင် နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းရေကြောင်းတွင် နေထိုင်ကျက်စားနေသည့် ဧရာဝတီလင်းပိုင်များ၏ အခြေအနေများကို လစဉ် တစ်လလျှင် သုံးကြိမ်သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့သွားရောက်ကြည့်ရှုရာ ဇူလိုင်လ ပထမပတ်က ဧရာဝတီလင်းပိုင်များ မင်းကွန်းအနီးတွင်နေထိုင်ကျက်စားလျက်ရှိရာမှ ဇူလိုင် ၁၄ ရက်တွင် အင်ဒေါင်းကျေးရွာအနီး နေထိုင်ကျက်စားလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာထဲကို ဧရာဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက သွားပြီးကြည့်ဖြစ်တယ်။ အခုလတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၅ ကောင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး ဧရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းရေကြောင်းရှိ ကျေးရွာများအတွင်း နေထိုင်နေသည့် ရေလုပ်သားများအနေဖြင့် ဧရာဝတီလင်းပိုင်သားပေါက်များကိုတွေ့ရှိပါက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးတိရစ္ဆာန် အကောင်ရေ ၉၁၈၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

မန္တလေး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများမွေးမြူသည့် မွေးမြူရေးတိရစ္ဆာန်များကို ရောဂါကုသရေးလုပ်ငန်းဆောင်ရွက်ပေးရာတွင် တိရစ္ဆာန်အကောင်ရေ ၉၁၈၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ ရောဂါကုသရေးလုပ်ငန်းများဆောင်ရွက်ပေးရာတွင် အသားကဏ္ဍထုတ်လုပ်မှုပမာဏမြင့်တက်လာစေရန် မွေးမြူထားသည့် တိရစ္ဆာန်များကို ရောဂါထိန်းချုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကာကွယ်ဆေးများကို ထိုးနှံပေးရန် တိရစ္ဆာန်အကောင်ရေ ၅၈၇၀၀၀ ကျော်ကို လျာထားပြီး ဧပြီလမှစ၍ ထိုးနှံပေးခဲ့ရာ ယနေ့ထိ တိရစ္ဆာန်အကောင်ရေ ၉၁၈၀၀ ကျော်ကို မွေးမြူသူများ၏အိမ်တိုင်ရာရောက် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

"မွေးမြူရေးတိရစ္ဆာန်တွေကို ကာကွယ်ဆေးအမျိုးအစားအလိုက် ရောဂါကုသရေးလုပ်ဆောင်ပေးနေပါတယ်။ ကူးစက်ရောဂါတွေ မဖြစ်စေဖို့ ကြိုတင်ကာကွယ်တာ အရေးကြီးတာကြောင့် ကွင်းဆင်းဆောင်ရွက်ပေးနေတာပါ။ နည်းပညာပေးသင်တန်းတွေ၊ ဟောပြောပွဲတွေကိုလဲ ပြုလုပ်ပေးပါတယ်။ ရာသီအလိုက်ဖြစ်ပွားမှုရောဂါတွေကို အတတ်နိုင်ဆုံးမဖြစ်ရအောင် ကာကွယ်ဆေးတွေကို ထိုးနှံပေးနေပါတယ်။ တိရစ္ဆာန်တွေအတွက် ကာကွယ်ဆေးအခမဲ့ထိုးနှံပေးတာပါ။ ခြောက်လတစ်ကြိမ်ထိုးနှံပေးတာပါ။ တိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်မှာ ထိုးနှံပေးတာပါ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၁ ခရိုင်ရှိ မွေးမြူထားသည့် တိရစ္ဆာန်များအလိုက် ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျွဲ၊ နွားခွာနာလျှာနာကာကွယ်ဆေး၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါ ကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး၊ ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးများကို မွေးမြူသူများ၏ အိမ်တိုင်ရာရောက်ထိုးနှံပေးကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်နေ

မန္တလေး ဇူလိုင် ၁၅

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်မြေထောက်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်မြေထောက်ပဲများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာကြောင်း သိရသည်။

"နှမ်းအုပ်စုနဲ့ မြေထောက်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ လက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စပုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြိတ်မြို့နယ် စန္ဒာဝတ်ကျေးရွာ၌ VDP မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်း ပြုလုပ်

**မြိတ် ဇူလိုင် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် စန္ဒာဝတ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက စန္ဒာဝတ်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ၏ ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင်သတ်မှတ်ထားသည့်အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသား၏ အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ဦးရေ ၁၂၀ ကျော်တက်ရောက်ပြီး စန္ဒာဝတ်ကျေးရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**ရှိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၆ လမ်း၊ ၃၂ လမ်း-၃၃ လမ်းကြားနေ ဒေါ်ကြည်တင် မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသောသံဃာ၊ သီလရှင် ငါးပါးအတွက် ငွေကျပ် ၁၇၅၀၀၀ စုစုပေါင်းအလှူငွေကျပ် ၅၇၅၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲစင်းငုံ ၆၉၆၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစ၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံသီးနှံ ၆၉၆၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်”ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖြန်းဓာတ်မြေဩဇာဝယ်ယူမှု သက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ငဖဲ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းနှင့် Slab Culvert တစ်စင်း၊ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂၂၆ သန်းဖြင့် Shwe Group ကုမ္ပဏီက ယခုနှစ် ဇွန် ၁၅ ရက်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ ၃၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ဇင်မာ**

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၉၂၇၀၇ ဧက စိုက်ပျိုးမည်

**ပုသိမ် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၉၂၇၀၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၄၃၆ ဧက၊ ဖူးစားပြောင်း ၂၉၉ ဧက၊ မြေပဲ ၂၀၇ ဧက၊ ပဲစင်းငုံ ၁၀၉ ဧက၊ ငရုတ် ၁၀၁ ဧက၊ ဟင်းသီးဟင်းရွက် ၅၅၅ ဧက စုစုပေါင်း မိုးသီးနှံစုံ ၉၂၇၀၇ ဧကကို ဇူလိုင်လတတိယပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ သီးနှံများရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းများ၊ မြေဆီလွှာပြုပြင်သည့် လုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

“အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင်သီးနှံတွေစိုက်ဖို့ တောင်သူတွေက လိုအပ်တာတွေကိုပြင်ဆင်ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကလဲ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာတွေကိုမြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးမှာဖြစ်တဲ့အပြင် ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုတတ်စေဖို့နဲ့ အစားထိုးဓာတ်မြေဩဇာတွေ လုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ အသိပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်”ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံလျာထား ၉၂၇၀၇ ဧက ရာနှုန်းပြည့်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ ဈေးကွက်ဝင်အထွက်နှုန်းကောင်းမျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**



# မိုးလေဝသခန့်မှန်းရန် အတိတ်ကာလ၏ ကြိုးပမ်းခဲ့မှုများ (အပိုင်း-၁)

**ပါမောက္ခကိုကိုအောင်**




တစ်ချိန်က ဥရောပနိုင်ငံအားလုံးကို တိုက်ခိုက်သိမ်းပိုက်ရန်အစီအစဉ်ချမှတ်ခဲ့သော ပြင်သစ်ဧကရာဇ် နပိုလီယန်သည် ရုရှားနိုင်ငံကိုပါ တိုက်ခိုက်သိမ်းပိုက်ရန်ကြံစည်ခဲ့သည်။ ၎င်း၏အကြံအစည် ထမြောက်အောင်မြင်စေရေးအတွက် ထိုစဉ်က ပြင်သစ်၏ ထိပ်တန်းသိပ္ပံသုတေသီလာပလပ်ကို ဆောင်းရာသီကာလတွင် ရုရှားနိုင်ငံ၌ကြုံတွေ့ရနိုင်သည့် မိုးလေဝသအခြေအနေကို ခန့်မှန်းစေခဲ့သည်။ သိပ္ပံသုတေသီလာပလပ်က ၎င်းအနေဖြင့် နှစ်ပေါင်းများစွာလေ့လာစုဆောင်းပြီး ပြုစုခဲ့သော မိုးလေဝသဆိုင်ရာမှတ်တမ်းအများအပြားတို့ဖြင့် ခန့်မှန်းတွက်ချက်ပြီးနောက် ဇန်နဝါရီလမတိုင်မီ ရုရှားနိုင်ငံ၌ လွန်ကဲသောအအေးဒဏ်ကို ခံစားရနိုင်ဖွယ်မရှိကြောင်း နပိုလီယန်ကို အစီရင်ခံခဲ့သည်။

ပြင်သစ်ဧကရာဇ် နပိုလီယန်ကလည်း သိပ္ပံသုတေသီလာပလပ်၏ ခန့်မှန်းတွက်ချက်ပေးမှုအပေါ် ရာနှုန်းပြည့်ယုံကြည်သည့်အတွက် ဒီဇင်ဘာလထဲတွင် ရုရှားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် ဒီဇင်ဘာလအတွင်းမှာပင် ပြင်းထန်သောဆောင်းရာသီကြောင့် ရုရှားနိုင်ငံတစ်ဝန်း လွန်ကဲသောအအေးလှိုင်းကျရောက်လာရာ နပိုလီယန်၏ ရောမကြည်းတပ်ကြီး ပျက်စီးခဲ့ရသည်။ ထို့မှအစပြုကာ နပိုလီယန်တည်ဆောက်ခဲ့သော တန်ခိုးအာဏာအရှိန်အဝါကျဆင်းကာ ပြင်သစ်အင်ပါယာကြီးလည်း ကျဆုံးခန်းသို့ရောက်ရှိခဲ့ရတော့သည်။ ဤသမိုင်းဝင်အဖြစ်အပျက်ကြီး၏ အဓိကသော့ချက်မှာကား မိုးလေဝသခန့်မှန်းချက်များက တက်တက်စင်အောင် လွဲချော်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ပြင်သစ်သိပ္ပံသုတေသီ လာပလပ်က ဒေသတစ်ခု၏ မိုးလေဝသကို ကြိုတင်ခန့်မှန်းခဲ့ရာတွင် အဆိုပါဒေသ၏ အပူဆုံးအခြေအနေနှင့် အအေးဆုံးအခြေအနေများ၊ မိုးရွာသွန်းမှုအခြေအနေများ၊ နှင်းကျသည့်အခြေနေများ၊ စွတ်စိုထိုင်းမှိုင်းမှုအခြေအနေများ၊ လေဖိအားနှင့် လေတိုက်ခတ်ရာလမ်းကြောင်း အခြေအနေများ စသည်တို့အပေါ် အခြေခံကာ တွက်ချက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်း၏ တွက်ချက်မှုများတွင် ရုရှားနိုင်ငံ၌ နှစ်စဉ် အချိန်မှန်ဖြစ်ပေါ်လာတတ်သည့် မိုးလေဝသအခြေအနေကိုပါ ထည့်သွင်းတွက်ချက်ခဲ့သည်။

ထိုကဲ့သို့သော ခန့်မှန်းတွက်ချက်မှုများက ဒေသတစ်ခု၌ အမှန်တကယ်ကျရောက်မည့် ရာသီဥတု (Climate)ကို ရာခိုင်နှုန်းအများစုထိ မှန်ကန်စေနိုင်မည်ဖြစ်သော်လည်း၊ ထိုဒေသ၌ အမှန်တကယ်ဖြစ်ပေါ်လာမည့် မိုးလေဝသအခြေအနေ(Weather)အတွက်ကိုမူ မှန်ကန်စေနိုင်မည်မဟုတ်ပေ။

မိုးလေဝသအခြေအနေသည်ကား နေ့စဉ်နှင့်အမျှ ဖောက်လွဲဖောက်ပြန်ဖြစ်နေသော အကြောင်းအချက်တို့ပေါ်တွင် တည်မှီလျက်ရှိနေသည်။ ထို့ကြောင့် တစ်နာရီမျှလောက်သာစောပြီး ခန့်မှန်းခြင်းသည်ပင်လျှင် မိုးလေဝသအခြေအနေကိုလွဲချော်စေတတ်သည်။ လေထုအထက်လွှာတွင် ရေငွေ့များဖြင့် ပြည့်နှက်နေသော လေလွှာရှိရာ ထိုလေလွှာသည် နှင်းဖြစ်အမှတ်သို့မရောက်မီ အပူကို တဖြည်းဖြည်းချင်းထုတ်လွှတ်လျက်ရှိနေသည်။ ထိုလေလွှာ၏ ရှိရင်းစွဲအခြေအနေအတိုင်းသာ ရှိနေမည်ဆိုပါမူ အတန်အသင့်ကြာမှသာလျှင် ရေငွေ့ဖြစ်လာနိုင်ပေမည်။ သို့ရာတွင် ထိုလေလွှာထံသို့ နှင်းတစ်ပွင့်မျှကျရောက်လာပါက တစ်မုဟုတ်ချင်းပင် အခြေအနေက ပြောင်းလဲသွားသည်။ နှင်းပွင့်ပတ်ဝန်းကျင်ရှိလေက အေးလာသောကြောင့် မြူမှုန်ကလေးများ သို့မဟုတ် နှင်းပေါက်ကလေးများဖြစ်ပေါ်လာတော့သည်။ ယခင်က ရေငွေ့များဖြင့်ပြည့်နှက်နေခဲ့သော ၎င်းလေလွှာ၏ အခြေအနေက ဤမျှပင် အပြောင်းအလဲမြန်ဆန်သွားသည်။ ထိုနှင်းပေါက်ကလေးများက အပူကို ထုတ်လွှတ်ရာ၌ ရေငွေ့ပြည့်ဝသော လေက အပူကို ထုတ်လွှတ်သည်ထက်ပင် ပို၍မြန်ဆန်သည့်အတွက် ထိုနှင်းပေါက်ကလေးများမှာ ပတ်ဝန်းကျင်ရှိလေထက် ပို၍အေးလာသည်။ ဤသို့အားဖြင့် လေက အေးသည်ထက်အေး၍လာလေ မြူများ၊ နှင်းပေါက်များက အတော်များများဖြစ်ပေါ်လာလေဖြစ်သည်။ ဤသို့သော အဖြစ်အပျက်မျိုးများသည် မိုးလေဝသအခြေအနေတစ်ခုလုံးကို ပြောင်းလဲသွားနိုင်သည်ထိ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အလွန်သေးငယ်သော နှင်းပွင့်ဖတ်ကလေးသည်ပင်လျှင် မိုးလေဝသအခြေအနေကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေနိုင်သည်။ နှင်းပွင့်ဖတ်ကလေး၏ စွက်ဖက်မှုသာမရှိပါက မိုးလေဝသအခြေအနေက ရှိရင်းစွဲအတိုင်းသာ ရှိနေမည်ဖြစ်သည်။ ရှိရင်းစွဲအတိုင်းရှိနေချိန်တွင် ပူနွေးသောအထက်လွှာလေ ဝင်ရောက်လာခဲ့လျှင်လည်း မိုးလေဝသအခြေအနေက လုံးလုံးလျားလျား ပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ ဤသာဓကကိုကြည့်ခြင်းအားဖြင့် လေထုထဲ၌ နှင်းပွင့်ဖတ်ကလေးကဲ့သို့ အရည်အဖြစ်သို့ ပြောင်းလဲစေနိုင်သည့် အရာတစ်ခုရှိနေရုံမျှဖြင့် မိုးလေဝသအခြေအနေကို ရုတ်ခြည်းပြောင်းလဲစေနိုင်ခြင်း၊ အခြေအနေဆိုးရွားလာစေခြင်းများဖြစ်စေနိုင်ကြောင်းကို သိရှိနိုင်သည်။

အီကွေတာမှ ဝင်ရိုးစွန်းသို့ တိုက်ခတ်သောလေတို့သည် ပတ်ဝန်းကျင်အခြေအနေတို့ကြောင့် အမျိုးမျိုးအဖုံဖုံပြောင်းလဲသွားစေနိုင်သဖြင့် ၎င်းတို့၏ လမ်းကြောင်းကို ခန့်မှန်းရန်ခဲယဉ်းလှသည်။ ထုထည်ကြီးမားသောရေငွေ့များက ကမ္ဘာ့အထက်လေထုလွှာအနှံ့သို့ တက်၍နေရာ ထိုရေငွေ့တို့က ရေအဖြစ်သို့ စုဖွဲ့လာကြပြီးနောက် အပူချိန်ကို ပြောင်းလဲသွားစေပြီးလျှင် လေတိုက်ရာလမ်းကြောင်းကိုလည်း ရုတ်ခြည်းပြောင်းလဲစေသည်။ ထို့ကြောင့်ပင် မိုးလေဝသ ခန့်မှန်းတွက်ချက်မှုက သိပ္ပံနည်းကျ ပြည့်စုံရန်ခဲယဉ်းလှသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့လေထုလွှာများအတွင်း မတည်မငြိမ် ပြောင်းလဲသည့်သဘောရှိသဖြင့် မည်ကဲ့သို့ဖြစ်မည်ကိုမှန်းဆရာ၌ခက်ခဲသည့်သဘောရှိသောကြောင့်ပင်ဖြစ်သည်။ ထိုသို့သော သဘောသဘာဝကြောင့် သေးငယ်သောအကြောင်းတစ်ခုက ကြီးမားသောပြောင်းလဲမှုများကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။

တက်ကြွသော သိပ္ပံသုတေသီတစ်စုက အချိန်မှန်မှန်ပြန်၍ကျရောက်လာတတ်သည့် မိုးလေဝသစည်းမျဉ်းများကို ရှေးနှစ်ပေါင်းများစွာကတည်းက မှန်ကန်စွာရေးဆွဲရန် ကြိုးစားခဲ့ကြသည်။ နက္ခတ်ဆရာတို့ကလည်း နေမျက်နှာပြင်တွင် အမည်းကွက်များပြန်၍ပေါ်လာတတ်သည့်အချိန်နှင့် မိုးလေဝသ မတည်ငြိမ်မှုများကို ဆက်စပ်ယူခဲ့ကြသည်။ နေမျက်နှာပြင်တွင် အမည်းကွက်များက ၁၁ နှစ်လျှင်တစ်ကြိမ် ပြန်၍ပေါ်သည်။ မိုးရေချိန်မှတ်တမ်းများကိုလေ့လာကြည့်သည့်အခါ နေမျက်နှာပြင်တွင် အမည်းကွက်ပြန်၍ပေါ်လာချိန်နှင့် မိုးရွာချိန်တို့က အတန်အသင့်တိုက်ဆိုင်ခဲ့သည်။ အသေးစိတ်လေ့လာကြည့်သောအခါတွင်မူ ကွဲပြားမှုကြီးများကို တွေ့ရှိရသည်။ ဤကဲ့သို့သော အသေးစိတ်လေ့လာမှုများ၊ စဉ်းစားတိုင်းတာရေးများ၌ပင် ရှေးပညာရှင်ကြီးများက တစ်ဦးနှင့်တစ်ဦးသဘောထားကွဲလွဲခဲ့ကြသေးသည်။ **ပါမောက္ခရှစတာ**က မိုးရွာသွန်းမှုလည်ပတ်ပုံကို ၄ နှစ် ၂၈၉ ရက်တွင် တွေ့ရှိခဲ့သည်ဟုဆိုခဲ့သော်လည်း **ဆာနော်မန်လော့ကယား**နှင့် **ဒေါက်တာဒဗလျူဂျေအက်စ်လော့ကယား**တို့ကမူ မိုးရွာပုံသည် သုံးနှစ်ခွဲလျှင် တစ်ကြိမ် ပြန်လည်လာသည်ဟု သတ်မှတ်ခဲ့ကြသည်။

မိုးလေဝသလက္ခဏာကို ကာလအပိုင်းအခြားကြာမြင့်စွာ ခန့်မှန်းခဲ့ကြသူများအနက် ဘန်းမြို့မှ **ပါမောက္ခဘာရပ်ကနား**က အထင်ရှားဆုံးဖြစ်ပြီး ၎င်းက ၁၈၉၀ ပြည့်နှစ်တွင် ခန့်မှန်းခဲ့သည်။ **ပါမောက္ခ ဘာရပ်ကနား**က မှန်မှန်ရွာသည့်မိုးရေချိန်၊ မြစ်ရေချိန်၊ အိုင်ရေပြင်၊ မိုးရွာချိန်နှင့် ခြောက်သွေ့ချိန်များ မှန်မှန်ပြောင်းလဲပုံနှင့်စပ်လျဉ်းသော မှတ်တမ်းများကိုရနိုင်သမျှ စုဆောင်းထားခဲ့သည်။ ရှုပ်ထွေးနက်နဲလှသော အကြောင်းအရာအချက်အလက်များကို ကိုးကားကာ ဥရောပတိုက်၌ မိုးရွာသွန်းမှုပြောင်းလဲခြင်းသည် ပျမ်းမျှ ၃၅ နှစ်လျှင် တစ်ကြိမ်ကျ ပြန်လည်လာသည်ဟု ၎င်းက ထင်မြင်ယူဆခဲ့သည်။

အလားတူ တွက်ချက်နည်းဖြင့်ပင် ဆစ်ဒနီမြို့မှ **အိပ်စီရပ်ဆဲ**ကလည်း ဩစတြေးလျနိုင်ငံ မိုးရေချိန်ပြောင်းလဲမှုသည် ၁၉ နှစ်လျှင်တစ်ကြိမ်ကျ ပြန်လည်ကြောင်း တွေ့ရှိခဲ့ပြန်သည်။ ဤတွက်ချက်နည်းကို **ဒေါက်တာလော့ကယား**က ထောက်ခံအတည်ပြုကာ ထိုတွက်ချက်နည်းဖြင့်ပင် တောင်အာဖရိကတိုက်၌လည်း မှန်ကန်ကြောင်းကို တွေ့ရှိခဲ့သည်။ **ကာနယ်ရော်ဆန်**ကလည်း ထပ်တလဲလဲ လေ့လာပြီးနောက် တောင်အာဖရိကတိုက်တွင် မိုးရေချိန်ပြောင်းလဲမှုသည် ၁၉ နှစ်လျှင် တစ်ကြိမ်ကျ ပြန်လည်သည်ကို သဘောတူခဲ့သည်။

သို့ရာတွင် လာမည့်နှစ် စိုက်ပျိုးရာသီချိန်၌ မည်သည့်အသီးအနှံမျိုးစိုက်ပျိုးရမည်ကို စီစဉ်ရာတွင် ထိုတွက်ချက်နည်းများကို မည်သူကမျှ အားမထားဝံ့ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် မိုးရေချိန်ပြောင်းလဲမှုပြန်လည်လာပုံကို ရှာဖွေတွေ့ရှိနိုင်သည့်တိုင် နောက်နှစ်အတွက် မိုးရေချိန်ပြရာ၌ အလွဲလွဲအချော်ချော်ဖြစ်တတ်သောကြောင့်ပင်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧကကို ယခုနှစ် ဇူလိုင်လတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ပီလောပီနံလျာထား ၁၂၈၁ ဧကကို စနစ်တကျအခက်အခဲမရှိရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

“စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ မိုးသီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့အတွက် ဌာနဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းနည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလဲ ပီလောပီနံစိုက်ဖူးတဲ့ အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိစိုက်ပျိုးနိုင်မှာဖြစ်တယ်။ ဒေသခံတောင်သူတွေ စိုက်ပျိုးတဲ့ ပီလောပီနံတွေက အထွက်နှုန်းကောင်းအမျိုးအစားတွေပါ”ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ပီလောပီနံကို ဒေသခံတောင်သူ ၁၁၉ ဦးက အများဆုံးစိုက်ပျိုးကြပြီး အဆိုပါဒေသတွင် စိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ပြီး ရောင်းချနိုင်ကြောင်း၊ အဆိုပါထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြပြီး ယခုနှစ်ဆောင်းရာသီကစိုက်ပျိုးသည့် ပီလောပီနံ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးရရှိခဲ့သဖြင့် ဒေသခံတောင်သူများ အဆင်ပြေ-ခဲ့ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧက ၃၉၈၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧက ၃၉၈၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက နှမ်း ၄၇၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို ဇွန်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ယနေ့ထိ ဧက ၃၉၈၇၀ ရိတ်သိမ်းခြွေလှေ့ ပြီးစီးပြီဖြစ်ပြီး နှမ်းတစ်ဧကလျှင် ၁၁ ဒသမ ၉၀ တင်းထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၄၇၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံတောင်သူတွေ မိုးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်အောင် ဇွန်လ ဒုတိယပတ်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ပါတယ်။ ဒီနေ့ထိ နှမ်းစိုက်ခင်းဧက ၃၉၈၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ်က နှမ်းစိုက်ခင်းတွေ ပိုးမွှားရောဂါ ကျရောက်မှုမရှိတာကြောင့် ထွက်ရှိလာတဲ့နှမ်းတွေ အရည်အသွေးကောင်းပြီး အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် ဈေးကောင်းလဲရတော့ နှမ်းစိုက်တောင်သူတွေ အဆင်ပြေကြတယ်။ ဒီနှစ် နှမ်းဈေးကတော့ နှမ်းဖြူတစ်တင်းကို ငွေကျပ် ၁၄၂၀၀၀ ရှိပါတယ်။ ယခုရိတ်သိမ်းခြွေလှေ့တဲ့ နှမ်းအပါအဝင် အခြားသော နွေသီးနှံတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့ ဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး စိုက်ပျိုးရေးနည်းပညာတွေနဲ့ စိုက်ပျိုးရေလုံလုံလောက်လောက်ရရှိဖို့ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဆီစားသုံးမှုဖူလုံပိုလျှံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်း ၃၇၃၄၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၄၇၄၅၂ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နွေနှမ်းစိုက်ခင်းများမှာ စိုက်ပျိုးရေလုံလောက်စွာရရှိပြီး ပိုးမွှားရောဂါကျရောက်မှုမရှိသည့်အတွက် ယခင်နှစ်ကထက် သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဥတ္တရသီရိမြို့နယ် ပိုးစာတောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ပိုးစာတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်မင်းထွန်း၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပိုးစာတောကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

အဆိုပါ ပိုးစာတောကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ၄ ဒသမ ၄၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေနှစ်ပေ၊ မြေနီကျောက်စရစ် ကိုးလက်မခင်းခြင်းနှင့် **Box Culvert** ခုနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၂၆၅ သန်းဖြင့် ဌာနမှအင်ဂျင်နီယာများစုဖွဲ့ကာ ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်ကြောင်း၊ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၃၀၊ လူဦးရေ၂၉၈၃ ဦးတို့၏ စိုက်ပျိုးမြေဧက ၇၀၀ ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**

## စုပေါင်းဖယ်ရှင်း ဘေးကင်းစေရာ ကာလဝမ်းရောဂါ

- မိုးဝသန် သည်ကာလ
  ရွှံ့ညွှန်က ထူသလေ၊
  မြောင်းပုပ်ရေ အင်းအိုင်စပ်
  ညစ်ပတ်ကာနေ၊
  အမှိုက်တို့ စုပြုံစေ
  တိရစ္ဆာန်သေ စွန့်ပစ်ထား၊
  လေသင့်ရာ ရနံ့ဆိုးတို့
  တိုးဝှေ့ကျော်လွှား။

- မစင်မှာ ယင်ကောင်များ
  ပျော်ပါးလို့ ယစ်မူးသည်၊
  ယင်နားစာ ရှောင်ရှားမှု
  ရှေးရှု ဦးတည်၊
  သောက်ရေလည်း သန့်စေမည်
  လက်သည်းရှည် ညှပ်လို့ပေး၊
  လက်ကိုလေ ဆပ်ပြာသုံးလို့
  ဆေးအုံးကွယ့်လေး။

- ဝမ်းရောဂါ ကူးစက်ဘေး
  တွေးကြည့်က ကြောက်စရာ၊
  ရှောင်စရာ ဆောင်ဖို့တွက်
  လေးနက်လိုက်နာ၊
  ကျန်းမာရေး အသိပညာ
  မျှဝေကာ ဖလှယ်ကြ၊
  ကြိုတင်စွာ ကာကွယ်ပေး
  စိတ်အေးချမ်းမြ။

- ဝန်းကျင်မှာ တစ်ယောက်စလျှင်
  သောကတို့ ဗလောင်ဆူ၊
  နီးစပ်ရာ ဆေးခန်းသွားဖို့
  အလေးထားကူ၊
  ဝိုင်းဝန်းလို့ စိတ်ထားတူ
  ကြည်ဖြူစွာ စွမ်းဆောင်မနေး၊
  ကာလဝမ်း ကြောက်စရာ
  စုပေါင်းကာ သုတ်သင်ရှင်းတော့
  ဘေးကင်းစင်ဝေး။

**စန်းထက်(ဖန်ခါးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ကွန်မြူနစ်ပါတီခေါင်းဆောင် ပရာဆက်ရှာမားအိုလီ နီပေါဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**ခတ္တမန္ဒူ ဇူလိုင် ၁၅**

နီပေါကွန်မြူနစ် ပါတီခေါင်းဆောင် ပရာဆက်ရှာမားအိုလီသည် ယနေ့တွင် ခတ္တမန္ဒူမြို့၌ နီပေါဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း သိရသည်။

သဘောထား အလယ်အလတ်ရှိ လက်ဝဲပါတီတစ်ခုဖြစ်သော နီပေါကွန်ဂရက်ပါတီနှင့် ကွန်မြူနစ်ပါတီတို့အနေဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ခဲ့ပြီးနောက် နီပေါဝန်ကြီးချုပ်အသစ်အဖြစ် ပရာဆက်ရှာမားအိုလီက ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၇၂ နှစ်အရွယ် ပရာဆက်ရှာမားအိုလီသည် နီပေါဝန်ကြီးချုပ်ရာထူးကို စတုတ္ထအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယခင် ညွန့်ပေါင်းအစိုးရအဖွဲ့ပြိုကွဲခဲ့ပြီးနောက် နီပေါလွှတ်တော်က ကွန်မြူနစ်ပါတီခေါင်းဆောင် ပရာဆက်ရှာမားအိုလီကို ဇူလိုင် ၁၄ ရက်တွင် နီပေါဝန်ကြီးချုပ်သစ်အဖြစ် ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယနေ့တွင် ဝန်ကြီးချုပ်သစ်အိုလီရွေးချယ်ထားသည့် ညွန့်ပေါင်းအစိုးရ ဒုတိယဝန်ကြီးချုပ်နှစ်ဦးနှင့် ဝန်ကြီး ၁၉ ဦးတို့လည်း သက်ဆိုင်ရာ ရာထူးများအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

ဝန်ကြီးချုပ်သစ် အိုလီအနေဖြင့် အဓိက အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့ကြား ဆက်ဆံရေးကို ဟန်ချက်ထိန်းရန် ကြိုးစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ဗြိတိန်ဘုရင် ချားလ်-၃ ဩစတြေးလျနှင့် ဆာမိုအာနိုင်ငံတို့သို့ သွားရောက်မည်

**လန်ဒန် ဇူလိုင် ၁၅**

ဗြိတိန်ဘုရင် ချားလ်-၃ သည် ယခုနှစ် အောက်တိုဘာလအတွင်း ဩစတြေးလျနိုင်ငံနှင့် ဆာမိုအာနိုင်ငံတို့သို့ သွားရောက်ရန် စီစဉ်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အချိန်ဇုန် ၁၂ ခုကို ဖြတ်သန်းရမည့် ဩစတြေးလျနှင့် ဆာမိုအာခရီးစဉ်သည် ကင်ဆာရောဂါတစ်မျိုးခံစားနေရသော ချားလ်ဘုရင်-၃ ကျန်းမာရေးကို စမ်းသပ်မည့်ခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

ချားလ်ဘုရင်-၃၏ ဩစတြေးလျနှင့် ဆာမိုအာခရီးစဉ်ကို ဘက်ကင်ဟမ်နန်းတော်က ဇူလိုင် ၁၄ ရက်တွင် အတည်ပြုကြေညာထားသည်။

ပြည်တွင်းနှင့် ပြည်ပ၌ ဗြိတိန်ထီးနန်းအပေါ် အားပေးထောက်ခံမှုကို မြှင့်တင်ရန် ချားလ်ဘုရင်-၃ က ကြိုးစားနေချိန်တွင် ဩစတြေးလျနှင့် ဆာမိုအာနိုင်ငံတို့သို့ သွားရောက်ရေးအတွက် စီစဉ်ထားခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံနှင့် ဆာမိုအာနိုင်ငံတို့သည် ဗြိတိန်ဘုရင်နှင့် ဘုရင်မများကို နိုင်ငံတော်အကြီးအကဲအဖြစ် အသိအမှတ်ပြုထားသော ဓနသဟာယနိုင်ငံများဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် ဗြိတိန်ထီးနန်းကို ဆက်ခံခဲ့ပြီးနောက် ချားလ်ဘုရင်-၃ သွားရောက်မည့် ပထမဆုံး ဓနသဟာယနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ကမ္ဘောဒီးယားလေတပ် ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ်ပျောက်ဆုံး



**ဖနွမ်းပင် ဇူလိုင် ၁၅**

ကမ္ဘောဒီးယား စစ်ဘက်မှ ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအနောက်တောင်ပိုင်း ကာဒါမမ်တောင်တန်းဒေသ၌ လေ့ကျင့်ပျံသန်းနေစဉ် ပျောက်ဆုံးနေကြောင်း ကမ္ဘောဒီးယားစစ်ဘက်က ဇူလိုင် ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဇူလိုင် ၁၂ ရက်က ရာသီဥတုဆိုးရွားနေချိန်၌ လေ့ကျင့်ပျံသန်းနေစဉ် မြေပြင်ရှိ တပ်စခန်းနှင့် စတင်အဆက်အသွယ်ပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသည့် ရဟတ်ယာဉ်အားရှာဖွေရေးလုပ်ငန်းကို ကမ္ဘောဒီးယားစစ်ဘက်က စတင်နေပြီဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့သော် ပျောက်ဆုံးနေသည့် ရဟတ်ယာဉ်ပေါ်၌ လူမည်မျှလိုက်ပါသွားကြောင်းကို ကမ္ဘောဒီးယားစစ်ဘက်က ထုတ်ဖော်ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

ထို့ပြင် ရဟတ်ယာဉ်ပျောက်ဆုံးနေရမှု နောက်ခံအကြောင်းတရားကို မသိရသေးကြောင်း ကမ္ဘောဒီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

၂၀၁၄ ခုနှစ်ကလည်း တရုတ်နိုင်ငံထုတ် ဇက်-၉ ရဟတ်ယာဉ်တစ်စင်း ဖနွမ်းပင်မြို့အနီးရှိ ရေအိုင်တစ်အိုင်အတွင်းသို့ ပျက်ကျခဲ့ရာ ထိပ်တန်းလေတပ် ဗိုလ်ချုပ်နှစ်ဦး သေဆုံးခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်ကွန်မြူနစ်ပါတီ အကြိမ် ၂၀ မြောက် ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပ

**ပေကျင်း ဇူလိုင် ၁၅**

တရုတ်ကွန်မြူနစ်ပါတီ အကြိမ် ၂၀ မြောက် ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ယနေ့တွင် ပေကျင်းမြို့၌ စတင် ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။

လေးရက်ကြာ ကျင်းပမည့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေးကိစ္စများနှင့် စီးပွားရေးကိစ္စများကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်အစိုးရ သတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါအစည်းအဝေး၌ ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်များသည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုနှင့် ဆိုရှယ်လစ်ဝါဒစံနှုန်းများ ခိုင်မာရေးအတွက်လည်း အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး စတင်ခဲ့သည့် ယနေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ကြောင်း တရုတ်အစိုးရ သတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး စတင်ကျင်းပနေချိန်တွင် တရုတ်အစိုးရက ပေကျင်းမြို့၌ လုံခြုံရေးမြှင့်တင်ထားသည်။

ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးများသည် အစဉ်အလာအရ စီးပွားရေးမူဝါဒများကို ချမှတ်လေ့ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ၂၀၈၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေတိုးနှုန်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိမည်

**နယူးယောက် ဇူလိုင် ၁၅**

ကမ္ဘာ့လူဦးရေသည် ၂၀၈၀ ပြည့်နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ အဆိုအရ ကမ္ဘာ့လူဦးရေစုစုပေါင်းသည် ယခုနှစ်အတွင်း ၈ ဒသမ ၂ ဘီလီယံထိရှိလာနိုင်ပြီး ၂၀၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၃ ဘီလီယံထိ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ၂၀၈၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေတိုးပွားမှု အမြင့်ဆုံးအဆင့်ထိ ရောက်ခဲ့ပြီးနောက် ၂၁၀၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၂ ဘီလီယံသို့ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။



မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့အကြီးဆုံးနိုင်ငံကြီးတချို့၌ ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာချိန်တွင် ကမ္ဘာ့လူဦးရေတိုးနှုန်း အမြင့်ဆုံးရောက်ရှိချိန်မှာလည်း မျှော်လင့်ထားသည်ထက်ပို၍ စောနိုင်ကြောင်း ကုလသမဂ္ဂ ကျွမ်းကျင်သူများက ပြောကြသည်။


ကုလသမဂ္ဂ၏ အဆိုအရ တစ်နိုင်ငံချင်းအရ ကြည့်ပါက တရုတ်၊ ဂျာမနီ၊ ဂျပန်နှင့် ရုရှား အပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံတို့၏ လူဦးရေတိုးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ခဲ့ကြပြီးဖြစ်သည်။

အဆိုပါနိုင်ငံ ၆၃ နိုင်ငံတို့၏ စုစုပေါင်းလူဦးရေမှာ လာမည့်နှစ် ၃၀ အတွင်း ၁၄ ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံမှ ဆက်သွယ်ရေးနည်းပညာကျွမ်းကျင်သူများက ကမ္ဘာ့ပထမဆုံး 6G မြေပြင်စမ်းသပ်ကွန်ရက်ကို တည်ဆောက်ထား



**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နိုင်ငံမှ ဆက်သွယ်ရေးနည်းပညာကျွမ်းကျင်သူများသည် ကမ္ဘာ့ပထမဆုံး ဆဋ္ဌမမျိုးဆက်ဆက်သွယ်ရေးစနစ် (6G) မြေပြင်စမ်းသပ်ကွန်ရက်ကို တည်ဆောက်ထားကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆဋ္ဌမမျိုးဆက် ဆက်သွယ်ရေးစနစ် စမ်းသပ်ကွန်ရက်သည် ရှိရင်းစွဲစတုတ္ထမျိုးဆက် ဆက်သွယ်ရေးစနစ် အခြေခံအဆောက်အအုံများကို အခြေပြု၍ 6G မြန်နှုန်းဖြင့် သတင်းအချက်အလက်များပေးပို့နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် တရုတ်သိပ္ပံပညာရှင်များ၏ 6G မြေပြင်စမ်းသပ်ကွန်ရက်သည် ဆက်သွယ်ရေး နည်းပညာစံနှင့် အတိုင်းအတာများကိုလည်း ၁၀ ဆ ထိမြှင့်တင်ထားနိုင်ကြောင်း တရုတ် ပြည်တွင်းမီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ 6G မြေပြင်စမ်းသပ်ကွန်ရက်ကို ပေကျင်းမြို့တော်စာတိုက်နှင့် ဆက်သွယ်ရေးတက္ကသိုလ်မှ ကျွမ်းကျင်သူများက တည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ဆဋ္ဌမမျိုးဆက် ကြိုးမဲ့ဆက်သွယ်ရေးစနစ်ကို ၂၀၃၀ ပြည့်နှစ်တွင် အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံသည် ဆဋ္ဌမမျိုးဆက် ကြိုးမဲ့ဆက်သွယ်ရေးစနစ်အတွက် စံနှုန်းများကို ၂၀၂၅ ခုနှစ်တွင် ချမှတ်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု၏အရွယ်အစားက မူလထင်မှတ်ထားသည်ထက် ပိုမိုကြီးမားနိုင်

**ပေကျင်း ဇူလိုင် ၁၅**


နဂါးငွေ့တန်းကြယ်စု၏အရွယ်အစားသည် မူလထင်မှတ်ထားသည်ထက် ပိုမိုကြီးမားနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ယူနန်တက္ကသိုလ်မှ တရုတ်သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စု၏ အတွင်းဘက်မှ အပြင်ဘက်သို့ ကြယ်များပျံ့နှံ့တည်ရှိနေပုံကိုအခြေပြု၍ နဂါးငွေ့တန်းကြယ်စု၏ အချင်းဝက်ကို တိုင်းတာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နဂါးငွေ့တန်းကြယ်စု၏ အရွယ်အစားမှာ မျှော်လင့်ထားသည်ထက် ပိုမိုကြီးမားပြီး အလင်းနှစ် ၁၉၀၀၀ ထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင်ကမူ နဂါးငွေ့တန်းကြယ်စု၏အချင်းဝက်မှာ အလင်းနှစ် ၁၀၀၀၀ ထိ ရှိနိုင်ကြောင်း ယူဆခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် နဂါးငွေ့တန်းကြယ်စု၏ ဖွဲ့စည်းပုံနှင့် ဆင့်ကဲဖြစ်စဉ်တို့ကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



နဂါးငွေ့တန်းကြယ်စု၏ အရွယ်အစားသည် နိုင်ငံတကာသိပ္ပံပညာရှင်များကြား ဝိဝါဒကွဲပြားဆဲကိစ္စတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## NEOWISE အာကာသရေဒီယိုတယ်လီစကုပ်၏ သက်တမ်း ဇူလိုင် ၃၁ ရက်တွင် ကုန်ဆုံးမည်

**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော NEOWISE အာကာသ ရေဒီယိုတယ်လီစကုပ်၏ သက်တမ်းမှာ ဇူလိုင် ၃၁ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။



နာဆာအဖွဲ့သည် ကမ္ဘာမြေအနီးရှိ ဂြိုဟ်သိမ်များကို လေ့လာစောင့်ကြည့်ရေးအတွက် NEO-WISE တယ်လီစကုပ်ကို ၂၀၁၀ ပြည့်နှစ်ကပင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂြိုဟ်သိမ် စောင့်ကြည့်ရေး တာဝန်များကို ၁၄ နှစ်ကြာ ထမ်းဆောင်ခဲ့ရသည့် NEOWISE ရေဒီယိုတယ်လီစကုပ်၏သက်တမ်းမှာ ဇူလိုင် ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း နာဆာအဖွဲ့က ဇူလိုင် ၁၄ ရက်တွင် သတင်း ထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် NEO-WISE မစ်ရှင်၏အောင်မြင်မှုကို အခြေခံ၍ ၂၀၂၇ ခုနှစ်တွင် NED Surveyor အမည်ရှိ ဂြိုဟ်သိမ် စောင့်ကြည့်ရေး အာကာသရေဒီယိုတယ်လီစကုပ်ကို ထပ်မံလွှတ်တင်ရန် စီစဉ်ထားသည်။

NEOWISE အာကာသရေဒီယိုတယ်လီစကုပ်သည် သက်တမ်းကုန်ဆုံးပြီးနောက် ယခုနှစ်ကုန်သို့မဟုတ် ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် NEO Surveyor အာကာသရေဒီယိုတယ်လီစကုပ်ကို တည်ဆောက်နေဆဲဖြစ်ကြောင်းသိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ကာကွယ်ဆေးထိုးခြင်း၊ ဘဝနေထိုင်မှုပုံစံ ပြောင်းလဲခြင်းဖြင့် အမေရိကန်၌ဖြစ်ပွားသည့် ကင်ဆာရောဂါဖြစ်စဉ် ၄၀ ရာခိုင်နှုန်းကို တားဆီးနိုင်

**နယူးယောက် ဇူလိုင် ၁၅**

ကာကွယ်ဆေးထိုးနှံခြင်း၊ ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲပြုလုပ်ခြင်းဖြင့် အမေရိကန်နိုင်ငံ၌ဖြစ်ပွားသည့် ကင်ဆာရောဂါဖြစ်စဉ်များ၏ ၄၀ ရာခိုင်နှုန်းကို တားဆီးနိုင်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံခြင်း၊ ဘဝနေထိုင်မှုပုံစံပြောင်းလဲခြင်းများသည် အသက် ၃၀ အထက် အမေရိကန် ပြည်သူများကြား ကင်ဆာရောဂါကြောင့် သေဆုံးနေရမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းကဲ့သို့ ဘဝနေထိုင်မှုပုံစံများသည် အမေရိကန်ပြည်သူများကြား ကင်ဆာရောဂါဖြစ်ပွားမှု ၄၀ ရာခိုင်နှုန်းအတွက် တာဝန်ရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်းရှိခဲ့သည့် ကင်ဆာရောဂါဖြစ်စဉ် ၇၁၃၇၄၀ ခုနှင့် ကင်ဆာရောဂါကြောင့် သေဆုံးမှု ၂၆၂၁၂၀ တို့သည် တားဆီးနိုင်သည့် ရောဂါနောက်ခံအကြောင်းတရားများနှင့် ဆက်စပ်နေသည်ဟု အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

စီးကရက်သောက်ခြင်း၊ ကိုယ်အလေးချိန်လွန်ကဲခြင်း၊ အရက်သောက်သုံးခြင်း၊ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုနည်းပါးခြင်း စသည့် ပြဿနာများသည် တားဆီး၍ရနိုင်သည့် ကင်ဆာရောဂါနောက်ခံ အကြောင်းတရားများ ဖြစ်ကြကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ပဲအမျိုးမျိုးစားသုံးမှုက ဆီးချိုရောဂါကို ထိန်းချုပ်ရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇူလိုင် ၁၅**

စားတော်ပဲ၊ ပဲစင်းငုံကဲ့သို့ ပဲအမျိုးမျိုးစားသုံးမှုသည် ဆီးချိုရောဂါကို ထိန်းချုပ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ပဲအမျိုးမျိုးစားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကဲ့သို့ နာတာရှည် ရောဂါများဖြစ်ပွားမှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန်နိုင်ငံ ဂျော့ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆေးပညာလေ့လာချက် စစ်တမ်းပေါင်း ၃၀ တို့ကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပဲအမျိုးမျိုးစားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါကို ထိန်းချုပ်ရာတွင် အထောက်အကူ ပြုနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပဲအမျိုးမျိုးသည် အပင်ထွက်ပရိုတင်းဓာတ်၊ အမျှင်ဓာတ်နှင့် ပိုတက်စီယမ်ဓာတ်များ ကြွယ်ဝသည့် အရင်းအမြစ်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပဲများတွင် သွပ်ဓာတ်၊ သံဓာတ်၊ ကယ်လ်စီယမ်နှင့်မဂ္ဂနီစီယမ်ဓာတ်များလည်း ကြွယ်ဝကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ယူရိုပိုလ်လုပွဲတွင် စပိန်အသင်းက အင်္ဂလန်အသင်းကိုအနိုင်ယူ၍ ချန်ပီယံဆုဆွတ်ခူး



**ဘာလင် ဇူလိုင် ၁၅**

ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲတွင် စပိန်အသင်းနှင့် အင်္ဂလန်အသင်း တို့တွေ့ဆုံခဲ့ရာ စပိန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလားရရှိခဲ့ပြီး ဖလားသမိုင်းတွင် လေးကြိမ်မြောက် ဆုဖလားရရှိခဲ့သည့် ပထမဆုံး အသင်း ဖြစ်လာခဲ့ကြောင်း သိရသည်။

စပိန်အသင်းသည် ယခုယူရိုပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အီတလီအသင်းကို တစ်ဂိုး ဂိုးမရှိ၊ အိမ်ရှင်ဂျာမနီအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ပြင်သစ်အသင်းကို နှစ်ဂိုး ဂိုးမရှိနှင့် အင်္ဂလန်အသင်းတို့ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူခဲ့ပြီး ထိုက်တန်သည့် ခြေစွမ်းမျိုးဖြင့် ဆုဖလားရယူနိုင်ခဲ့သည်။

ဗိုလ်လုပွဲတွင် စပိန်အသင်းသည် အင်္ဂလန်အသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခဲ့သဖြင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သကဲ့သို့ ဒုတိယပိုင်းတွင် ကွင်းလယ်ကစားသမား ရိုဒရီ ဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား ဇူဘီမန်ဒီနှင့် အစားထိုးခဲ့ရာ တိုက်စစ်ပိုင်း ပိုကောင်းလာခဲ့သောကြောင့် ပွဲချိန် ၄၇ မိနစ်တွင် နစ်ကိုးဝီလျံက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ် ကစားနိုင်ခဲ့သော်လည်း အင်္ဂလန်အသင်းက တန်ပြန်တိုက်စစ်မှ ပယ်လ်မာ၏ သွင်းဂိုးကြောင့် ချေပဂိုးရယူနိုင်ခဲ့ရာ အင်္ဂလန်အသင်း တိုက်စစ်ပိုင်း ပိုကောင်းလာသော်လည်း ပွဲချိန် ၈၆ မိနစ်တွင် အိုရာဇာဘယ်က စပိန်အသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို စပိန်ကစားသမား ရိုဒရီကလည်းကောင်း၊ ဂိုးသွင်းအများဆုံး ကစားသမားဆုကို သွင်းဂိုး သုံးဂိုးစီသွင်းယူနိုင်သည့် ဂက်ပို၊ ဟယ်ရီကိန်း၊ အိုလ်မို၊ မူစီအာလာ၊ ရှရန့်ဇ်၊ မီကူတာဇီတို့က လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# အာဆင်နယ်အသင်းက ဂိုးသမားဆက်ဖိုဒ်ကို လေးနှစ်စာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၁၅**

အာဆင်နယ် အသင်းသည် အေဂျက်အသင်းဂိုးသမား ဆက်ဖိုဒ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လေးနှစ်စာချုပ် ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ဘရန့်ဖို့ဒ်အသင်းဂိုးသမား ရာယာကို အပြီးသတ်ဝယ်ယူခဲ့ပြီးနောက် ဒုတိယဂိုးသမားအဖြစ် အသုံးပြုနိုင်ရန် ဂိုးသမားတစ်ဦးရှာဖွေခဲ့ရာ အေဂျက်အသင်းမှ ဂိုးသမား ဆက်ဖိုဒ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လေးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

ဂိုးသမားဆက်ဖိုဒ်သည် လေးနှစ်စာချုပ်အတွက် လုပ်ခလစာ စတာလင်ပေါင် ၈၆၉၀၀၀ ရရှိမည်ဖြစ်ပြီး ၎င်း၏ လက်စွမ်းပြသနိုင်မှုပေါ်မူတည်၍ အပိုဆုကြေးလည်း ထပ်မံရရှိမည့်အပြင် စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးနိုင်မည့် သဘောတူညီချက်လည်း ပါရှိခဲ့သည်။

အာဆင်နယ် အသင်းသည် ဂိုးသမားရမ်ဒေးလ်ကို ပြီးခဲ့သည့် ဘောလုံးရာသီက ပုံမှန်ပွဲကစားခွင့် မပေးနိုင်သောကြောင့် ကစားသမားအနေဖြင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသဖြင့် ရာယာကို ပံ့ပိုးပေးနိုင်မည့် ဒုတိယဂိုးသမားတစ်ဦး ရှာဖွေခဲ့ရာ ကနဦးက ဂိုးသမား အီဂျီဟာရီ၊ ဟေးလ်ဆန်၊ အိုကွန်ကိုနှင့် ဆက်ဖိုဒ်တို့ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ယခုအခါ ဂိုးသမား ဆက်ဖိုဒ်နှင့် သဘောတူညီမှုရယူနိုင်ခဲ့သည်။

အသက် ၂၀ ရှိ ဂိုးသမား ဆက်ဖိုဒ်သည် ၂၀၂၂ ခုနှစ်က အေဂျက်အသင်း စီနီယာအသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိခဲ့ပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကြီးတွင် ၁၉ ပွဲ ပါဝင်ကစားခဲ့ရာ လက်စွမ်းပြသနိုင်ခဲ့သောကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား သီအိုဟာနန်ဒက်ဇ်ကို အေစီမီလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားက အသင်းနှင့်စာချုပ်သက်တမ်းတိုးရန်သာ မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက တောင်ပံကစားသမား အိုလီဆီကို ခေါ်ယူနိုင်ခဲ့သည့်အတွက် အသင်းတွင် အနာဂတ်မရေရာမှုများရှိလာသည့် ဂနာဘရီကို နယူးကာဆယ်အသင်းက စတာလင်ပေါင် သန်း ၄၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- မန်ယူအသင်းက တွန်မီနေးကို ရောင်းချသွားမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ တောင်းဆိုထားမှုကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ခေါ်ယူရန်အခက်တွေ့နေကြောင်း သိရသည်။

**ML**

# IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဂျာရွန်အန်နစ်က အဗာနက်စ်ယန်ကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိ

**ပင်ဆယ်ဗေးနီးယား ဇူလိုင် ၁၅**

IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂျာရွန်အန်နစ်နှင့် အာမေးနီးယား လက်ဝှေ့သမား အဗာနက်စ်ယန်တို့ ဇူလိုင်လ ၁၄ ရက်က အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒယ်ဖီယာမြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဂျာရွန်အန်နစ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာရွန်အန်နစ်သည် လက်ရှိချန်ပီယံ၏ စွမ်းဆောင်ရည်ကောင်းများကို အကောင်းဆုံးပြသနိုင်ခဲ့ပြီး ပဉ္စမမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ထိုးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အဗာနက်စ်ယန်သည် ပဉ္စမမြောက်အချီအပြီး ဆဋ္ဌမမြောက်အချီအား ဆက်လက်ထိုးသတ်ရန် ပြင်ဆင်ခဲ့သော်လည်း ပဉ္စမမြောက်အချီ၌ ဂျာရွန်အန်နစ်၏ထိုးချက်ကြောင့် လဲကျခဲ့ပြီးနောက် ရရှိခဲ့သောဒဏ်ရာအား တာဝန်ကျဆရာဝန်က ကြိုးဝိုင်းဒိုင်နှင့်ဆွေးနွေးကာ ပွဲစဉ်အား ဆက်လက်ထိုးသတ်ခွင့်မပြုသင့်ကြောင်း အကြံပေးခဲ့ခြင်းကြောင့် ကြိုးဝိုင်းဒိုင် အဲရစ်ဒါလီက ဂျာရွန်အန်နစ်အား ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျာရွန်အန်နစ်က "အဗာနက်စ်ယန်အတွက် ကျွန်တော်ဟာ အရမ်းကိုသန်မာတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်နေတယ်။ သူ့အတွက် ကျွန်တော်ဟာ ပြိုင်ဘက်တစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်တို့အကြား လယ်ဗယ်ကကွာဟနေတယ်။ ဒါကြောင့် ပွဲက အခုလို စောစောပြတ်သွားတာပါ" ဟု ပြောကြားခဲ့သည်။




ဂျာရွန်အန်နက်စ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၃၂ ပွဲအထိ ထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် မှတ်တမ်းကောင်း တစ်ရပ်ကိုလည်း ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နည်းပြတန်ဟတ်က ဆန်ချိုအား အသင်းတွင် ဆက်လက်ထိန်းသိမ်းသွားဖွယ်ရှိ

**မန်ချက်စတာ ဇူလိုင် ၁၅**

မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းမှုများ လုပ်ဆောင်နေသည့် တိုက်စစ်မှူး ဆန်ချိုသည် နည်းပြတန်ဟတ်နှင့် သီးသန့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့သဖြင့် မန်ယူအသင်းက ဆန်ချိုကို အသင်းတွင် ဆက်လက်ထိန်းသိမ်းသွားဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဆန်ချိုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီအစပိုင်းက နည်းပြတန်ဟတ်နှင့် ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပွားခဲ့ပြီးနောက် အသင်းနှင့် ပူးပေါင်းလေ့ကျင့်ခွင့်ပါ ပိတ်ပင်ခံခဲ့ရသူဖြစ်သည်။

ထို့ပြင် ပြီးခဲ့သည့်ဘောလုံးရာသီအစပိုင်းက အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် နည်းပြတန်ဟတ်က ဆန်ချိုကို အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် ဆန်ချိုက နည်းပြတန်ဟတ်ကို လူသိရှင်ကြား ဝေဖန်မှုများပြုလုပ်ခဲ့ရာ ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေး ပိုမိုတင်းမာမှုများ ရှိလာခဲ့ပြီးနောက် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက အသင်းဟောင်း ဒေါ့မွန်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဆန်ချိုက နည်းပြတန်ဟတ် မန်ယူအသင်းကို ဆက်လက်တာဝန်ယူကိုင်တွယ်ပါက အသင်းနှင့် မပူးပေါင်းဘဲ အသင်းမှထွက်ခွာရန် ပြင်ဆင်ထားသော်လည်း ယခုအခါ မန်ယူအသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့ပြီးနောက် နည်းပြတန်ဟတ်နှင့်လည်း နှစ်ကိုယ်ကြား သီးသန့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့သည့်အတွက် မန်ယူအသင်းကလည်း ၎င်းကို အသင်းတွင် ဆက်လက် ထိန်းသိမ်းသွားဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကိုပါအမေရိကဖလား ၁၆ ကြိမ်မြောက်ရရှိသည့်အသင်းအဖြစ် အာဂျင်တီးနားအသင်း မှတ်တမ်းဝင်




**ဖလော်ရီဒါ ဇူလိုင် ၁၅**

အာဂျင်တီးနား အသင်းသည် ကိုပါအမေရိကဖလား ဗိုလ်လုပွဲတွင် ကိုလံဘီယာအသင်းကို အချိန်ပိုပွဲကစားချိန်တွင် တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ၁၆ ကြိမ်မြောက် ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ပြီး ဖလားသမိုင်းတွင် ဆုဖလားအများဆုံး ရရှိခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းသည် ဆုဖလားသမိုင်းတွင် ဥရုဂွေးအသင်းနှင့်အတူ ၁၅ ကြိမ်ထိ ဆုဖလားရယူကာ ဆုဖလားအများဆုံးရရှိထားသည့် အသင်းအဖြစ် ပူးတွဲရပ်တည်နေသော်လည်း ယခုအခါ ကိုလံဘီယာအသင်းကို အနိုင်ယူ၍ ချန်ပီယံဆုဖလား ထပ်မံရရှိခဲ့သဖြင့် ဆုဖလား ၁၆ ကြိမ်ထိရရှိခဲ့ပြီး အောင်မြင်မှုအများဆုံး အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် အာဂျင်တီးနားအသင်းသည် ၂၀၂၁ ကိုပါအမေရိကဖလား၊ ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၄ ကိုပါအမေရိက ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သဖြင့် ဘောလုံးသမိုင်းတွင် ၂၀၀၈ ဥရောပဆုဖလား၊ ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ၂၀၁၂ ဥရောပဖလားတို့ကို ရယူထားသည့် စပိန်အသင်း၏ စံချိန်ကိုလိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းသည် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း ကိုလံဘီယာအသင်း၏ ဖိအားပေးမှုကိုသာခံခဲ့ရပြီး ပထမပိုင်းတွင် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု လေးကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသမားမာတီနက်ဇ်က ကာကွယ်မှုပြုလုပ်နိုင်ခဲ့သဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် အာဂျင်တီးနားအသင်းက ပြန်လည် ဖိအားပေးနိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရာ အချိန်ပိုတွင် တိုက်စစ်မှူး မာတီနက်ဇ်က ပွဲချိန် ၁၁၇ မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုရရှိခဲ့သည်။

ယင်းပွဲစဉ် အပြီးတွင် အကောင်းဆုံး ကစားသမားဆုကို ကိုလံဘီယာအသင်း ကစားသမား ရိုဒရီဂွက်ဇ်ကလည်းကောင်း၊ သွင်းဂိုးအများဆုံး ကစားသမားဆုကို တိုက်စစ်မှူး လူတာရိုမာတီနက်ဇ်ကလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုကို မာတီနက်ဇ်ကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဘာစီလိုနာအသင်းက နစ်ကိုးဝီလျံကို ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်

**မက်ဒရစ် ဇူလိုင် ၁၅**

ဘာစီလိုနာအသင်းက စပိန်အသင်းနှင့်အတူ ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ဘီလ်ဘာအိုအသင်းမှ လူငယ် တိုက်စစ်ကစားသမားနစ်ကိုးဝီလျံကို ခေါ်ယူရန်အတွက် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ လုပ်ဆောင်လျက် ရှိကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ နစ်ကိုးဝီလျံသည် ဘီလ်ဘာအိုအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဘီလ်ဘာအိုအသင်းနှင့် အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သဖြင့် ယင်းပြိုင်ပွဲတွင် စပိန်အသင်း၌ ရွေးချယ်ခံခဲ့ရပြီး ယင်းပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ စပိန်အသင်း ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် အသင်းဖော် ယာမယ်နှင့်အတူ အကောင်းဆုံးတွဲဖက်၍ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းက နစ်ကိုးဝီလျံကို အစောပိုင်းကတည်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ကလပ်အသင်းများကလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိရာ ဘာစီလိုနာအသင်းက လက်ဦးမှုရယူနိုင်ရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

နစ်ကိုးဝီလျံ ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ ကစားလိုသည့်အတွက် ဘာစီလိုနာအသင်းအတွက် ခေါ်ယူနိုင်ရန် နီးစပ်နေပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများလုပ်ဆောင်ကာ လုပ်ခလစာပါ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆုဖလားကို အယ်ကာရက်ဇ် ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၅**

လန်ဒန်မြို့တွင် ကျင်းပခဲ့သော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၂၊ ၆-၂၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိချန်ပီယံ အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အယ်ကာရက်ဇ်အနေဖြင့် ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲသမိုင်းတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့် ကစားသမားများစာရင်းတွင် ဂန္ထဝင်တင်းနစ်ကစားသမားများနှင့်အတူ ရပ်တည်ခွင့်ရရှိခဲ့သည်။

ဂျိုကိုဗစ်နှင့် အယ်ကာရက်ဇ်တို့၏ ဖိုင်နယ်ပွဲစဉ်သည် အကြိတ်အနယ်ရှိမည့် ဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်လာမည်ဟု ကြိုတင်ခန့်မှန်းချက်များ ထွက်ပေါ်ခဲ့သော်လည်း အယ်ကာရက်ဇ်က တစ်ဖက်သတ်ဖိအားပေး ကစားသွားနိုင်ခဲ့ပြီး ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် အယ်ကာရက်ဇ်က ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင် tie-break အဆင့်အထိ ကစားခဲ့ရကာ အယ်ကာရက်ဇ်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



အယ်ကာရက်ဇ်သည် ဂျိုကိုဗစ်နှင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ရာ နှစ်ကြိမ်စလုံး အနိုင်ရကာ ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က "ကျွန်တော့်ရဲ့ အဓိကအိပ်မက်က ကစားသမားဘဝကနေ အနားယူတဲ့အချိန်မှာ တင်းနစ်လောကရဲ့ ဂန္ထဝင်ကစားသမားတွေနဲ့ တစ်တန်းတည်းဖြစ်ခွင့်ရချင်တယ်။ ကျွန်တော့်အနေနဲ့ အသက် ၂၁ နှစ်အရွယ်မှာ ဂရန်းစလန်းဆုဖလား လေးလုံးရထားတယ်ဆိုပေမဲ့လဲ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ကြိုမသိနိုင်ဘူး။ ဂရန်းစလန်းဆုဖလားဘယ်နှစ်လုံးနဲ့ ရပ်တန့်သွားမလဲဆိုတာလဲ မခန့်မှန်းနိုင်ဘူး။ ဒါကြောင့် အနာဂတ်မှာ ရည်မှန်းချက်အတွက် ဂရန်းစလန်းဆုဖလားတွေ ဆွတ်ခူးသွားချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# နိုင်ငံတကာပြိုင်ပွဲ ဗိုလ်လုပွဲကစားခွင့်ရသည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ယာမယ်ရပ်တည်

**မက်ဒရစ် ဇူလိုင် ၁၅**

စပိန်အသင်း လူငယ်တိုက်စစ်ကစားသမား ယာမယ်က ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက် နိုင်ငံတကာ အဓိကပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ကစားခွင့်ရရှိသည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ပီလီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ ဘောလုံးလောကတွင် နိုင်ငံတကာ အဓိကပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ပါဝင်ကစားခွင့်ရရှိခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ဘရာဇီးအသင်း ဂန္ထဝင်ကစားသမား ပီလီက ၁၉၅၈ ခုနှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့ဖလား ဗိုလ်လုပွဲတွင် အသက် ၁၇ နှစ်နှင့် ၂၄၉ ရက်ဖြင့် စံချိန်တင်ထားခဲ့ခြင်းကို ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် စပိန်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့် ယာမယ်က အသက် ၁၇ နှစ်နှင့် ၁ ရက်ဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယာမယ်သည် ၂၀၂၄ ပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်းများ ပိုင်ဆိုင်ခဲ့ပြီး ယူရိုပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းရှင်အဖြစ်လည်းကောင်း၊ အသက်အငယ်ဆုံး ဂိုးဖန်တီးရှင်အဖြစ်လည်းကောင်း၊ ယူရိုဖလားဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမား အဖြစ်လည်းကောင်း၊ ပြိုင်ပွဲတစ်ခုအတွင်း စပိန်အသင်းအတွက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် လည်းကောင်း၊ အကောင်းဆုံး လူငယ်ကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်းကောင်း စံချိန်မှတ်တမ်းကောင်းများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**



# ကမ္ဘာ့ဘောလုံးသမိုင်းတစ်လျှောက် ဆုဖလားအများဆုံးကစားသမားအဖြစ် မက်ဆီစံချိန်သစ်တင်

**ဗျူနို့စ်အေရိစ် ဇူလိုင် ၁၅**

အာဂျင်တီးနား အသင်းတိုက်စစ်မှူး မက်ဆီသည် အသင်းနှင့်အတူ ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းဖော်ဟောင်းအဲဗက်ဇ်ကို ကျော်ဖြတ်ပြီး ကမ္ဘာ့ဘောလုံးသမိုင်းတစ်လျှောက် ဆုဖလားအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ မက်ဆီသည် အာဂျင်တီးနားအသင်းနှင့် အင်တာမီယာမီအသင်းတို့တွင် လက်ရှိအချိန်ထိ အဓိကကစားသမားအဖြစ် ပါဝင်လျက်ရှိပြီး ၂၀၂၄ ကိုပါအမေရိကဖလား ပြိုင်ပွဲတွင်လည်း အသင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ကာ ကိုပါအမေရိကဖလား နှစ်ကြိမ်ဆက် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အဆိုပါမှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အစောပိုင်းက မက်ဆီသည် ဆုဖလားအများဆုံး ရရှိထားသည့် ကစားသမားစာရင်းတွင် ဘာစီလိုနာ အသင်းဖော်ဟောင်းဖြစ်သည့် အဲဗက်ဇ်နှင့် ဆုဖလား ၄၄ လုံးဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်လျက်ရှိပြီး ယခုအခါ မက်ဆီက ကိုပါအမေရိကဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် စုစုပေါင်း ဆုဖလား ၄၅ လုံး ဆွတ်ခူးနိုင်ခဲ့ကာ ဆုဖလားအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ကမ္ဘာ့ဖလား တစ်ကြိမ်၊ ကိုပါအမေရိကဖလား နှစ်ကြိမ်၊ ဥရောပ-တောင်အမေရိကဖလား တစ်ကြိမ်၊ ယူ-၂၀ ကမ္ဘာ့ဖလားတစ်ကြိမ်၊ အိုလံပစ်ရွှေတံဆိပ်တစ်ကြိမ်၊ ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားလေးကြိမ်၊ ဥရောပစူပါဖလား သုံးကြိမ်၊ ကလပ်ကမ္ဘာ့ဖလား သုံးကြိမ်၊ စပိန်လာလီဂါဖလား ၁၀ ကြိမ်၊ ကိုပါဒယ်ရေးဖလား ခုနစ်ကြိမ်၊ စပိန်စူပါဖလား ရှစ်ကြိမ်၊ ပြင်သစ်အသင်းနှင့်အတူ ပြင်သစ်စူပါဖလား တစ်ကြိမ်၊ ပြင်သစ်လီဂူးဖလား နှစ်ကြိမ်၊ အင်တာမီယာမီ အသင်းနှင့်အတူ လိဂ်ရှူးထွက်ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# တရုတ်နှင့်အာဖရိကနိုင်ငံများကြား စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုအလားအလာ

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော တရုတ်-အာဖရိကစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဒုတိယအကြိမ်မြောက်ဖိုရမ်ကို လူသိရှင်ကြား ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း တရုတ်နိုင်ငံသည် အာဖရိကကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် ရည်မှန်းထားလျက်ရှိကြောင်း အခိုင်အမာဆုံးဖြတ်ခဲ့သည်။ တရုတ်နိုင်ငံသည် လာမည့် ဆယ်စုနှစ်အတွင်း အာဖရိကနိုင်ငံများနှင့် စိုက်ပျိုးရေးဆိုင်ရာထွက်ကုန် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ကျော်ထိ မြှင့်တင်သွားရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။

ထိုရည်မှန်းချက်သည် ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သည့် တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရှစ်ကြိမ်မြောက်ဖိုရမ်(FOCAC)၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပါအဝင် အာဖရိကနှင့်စီးပွားရေးဆိုင်ရာဆက်ဆံရေးတိုးမြှင့်ရန် တရုတ်နိုင်ငံ၏ ကျယ်ပြန့်သောမဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။ အဆိုပါရည်မှန်းချက်များတွင် ၂၀၂၄ ခုနှစ်၌ အာဖရိကနှင့်တရုတ်တို့ကြား ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ရောက်ရှိရန်နှင့် လာမည့်သုံးနှစ်ကျော်ကာလအတွင်း အာဖရိကမှ တရုတ်သို့တင်သွင်းသည့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ရောက်ရှိရန်တို့ ပါဝင်သည်။

ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ သည် နှစ်နိုင်ငံမျှော်မှန်းချက်တွင် ပမာဏနည်းလျက်ရှိသော်လည်း ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် အာဖရိက၏ စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ကိုးဘီလီယံသာရှိခဲ့သဖြင့် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သွင်းကုန်အားလုံး၏ သုံးရာခိုင်နှုန်းမျှသာရှိခဲ့သည်။ ထို့ကြောင့် သတ်မှတ်ရည်မှန်းချက်ရရှိရန်သည် လာမည့်ခြောက်နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်တန်ဖိုးသည် နှစ်ဆတိုးမြှင့်သွားရန် လိုအပ်သည်။

တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၀၀ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်ကာလအတွင်း စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာကုန်သွယ်မှုတန်ဖိုးသည် ၉၆၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သဖြင့် အမေရိကန်ဒေါ်လာသန်း ၆၅၀ မှ ၆ ဒသမ ၉၂ ဘီလီယံထိမြင့်တက်လာခဲ့သည်။ ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်ကာလအတွင်း ကုန်သွယ်မှုတန်ဖိုးသည် ၃၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၂ ဘီလီယံမှ ၉ ဒသမ ၃၅ ဘီလီယံထိ မြင့်တက်လာခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရရှိရန်အတွက် ၂၀၂၃ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကာလအတွင်းကုန်သွယ်မှုသည် ၁၁၄ ရာခိုင်နှုန်း တိုးတက်လာရန်လိုအပ်သည်။

ထို့ပြင် ရှစ်ကြိမ်မြောက် FOCAC မှစ၍ တရုတ်နိုင်ငံသည် အာဖရိကနှင့်စိုက်ပျိုးရေးဆိုင်ရာထွက်ကုန် ကုန်သွယ်မှုတန်ဖိုးမြှင့်တင်ရန် အဓိကကျသော လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ ပထမဆုံးအနေဖြင့် လွယ်ကူလျင်မြန်သော စစ်ဆေးမှုများ၊ထိန်းသိမ်းမှုလုပ်ငန်းစဉ်များနှင့်စိုက်ပျိုးရေးထုတ်ကုန်များရောဂါကင်းရှင်းရေး(SPS)သဘောတူညီချက်များဖြင့် အာဖရိကစိုက်ပျိုးရေးသွင်းကုန်များအပေါ် ဖြေလျှော့ပေးရန် အစိမ်းရောင်လမ်းကြောင်းများ “Green Lanes” စတင်ကျင့်သုံးလျက်ရှိသည်။ နိုင်ငံ ၁၁ နိုင်ငံမှ အာဖရိကစိုက်ပျိုးရေးထုတ်ကုန် ၁၆မျိုးသည် ရှစ်ကြိမ်မြောက် FOCAC ပြုလုပ်ပြီးကတည်းက တရုတ်၏ဈေးကွက်သို့ တင်သွင်းခွင့်ရရှိလျက်ရှိသည်။

ဒုတိယအချက်အနေဖြင့် တရုတ်နိုင်ငံသည် တချို့သောနိုင်ငံများမှ ထုတ်ကုန်များအပေါ် အကောက်ခွန်လျှော့ချခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော အာဖရိကဒေသမှ ၂၇ နိုင်ငံသည် တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်ပစ္စည်း ၉၈ ရာခိုင်နှုန်းအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိခဲ့သည်။ တတိယအချက်အနေဖြင့် တရုတ်နိုင်ငံသည် အာဖရိကပြည်ပပို့ကုန်များအတွက် ကုန်သွယ်မှုဘဏ္ဍာငွေ ၁၀ ဘီလီယံပံ့ပိုးသွားရန် ကတိကဝတ်ပြုထားသည်။ သာဓကအနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် တရုတ်ဖွံ့ဖြိုးတိုးတက်မှုဘဏ်နှင့် အာဖရိကပို့ကုန်-




သွင်းကုန်ဘဏ်တို့သည် အာဖရိကတိုက်လွတ်လပ်သော ကုန်သွယ်မှုဧရိယာ(AfCFTA)ကဲ့သို့သောလုပ်ငန်းများနှင့်အတူ အာဖရိကကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် လုပ်ငန်းလည်ပတ်နေသော အာဖရိက SMEs များကို ပံ့ပိုးရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထုတ်ချေးသွားရန် သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့သည်။

စတုတ္ထအချက်အနေဖြင့် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ချန်းရှာနှင့်နိုင်ရိုဘီတို့တွင်ပြုလုပ်ခဲ့သည့် တရုတ်-အာဖရိကစီးပွားရေးနှင့်ကုန်သွယ်မှုပြပွဲ(CAFTE) သည်လည်း တရုတ်အစိုးရထုတ်ကုန်များနှင့်အတူ အာဖရိကစိုက်ပျိုးရေးထုတ်ကုန်များကို အရောင်းမြှင့်တင်နိုင်ခဲ့သည်။ သို့သော် FOCAC လုပ်ငန်းစဉ်များတွင် အာဖရိက SMEs များနှင့် အဖွဲ့အစည်းများ၏ တိုက်ရိုက်ထိတွေ့မှုကင်းမဲ့နေခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည့်အတွက် အာဖရိကနိုင်ငံများ၏ မတူကွဲပြားမှုနှင့် ဒေသတွင်းစိုက်ပျိုးရေးနည်းပညာ၏ အရေးပါမှု၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် ဈေးကွက်တို့အပေါ် သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် ဖွံ့ဖြိုးတိုးတက်မှုမရှိသော အရောင်းကွင်းဆက်များ၊ ပြည့်စုံလုံလောက်မှုမရှိသော ယန္တရားများနှင့် ကြိုတင်ခန့်မှန်း၍မရနိုင်သော မိုးရေအပေါ် အလွန်အမင်း မှီခိုအားထားခြင်းတို့သည် အာဖရိကဒေသတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုအပေါ် အတားအဆီးများဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါအခက်အခဲများသည် ရာသီဥတု ပြောင်းလဲမှုကြောင့် စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ရေးအတွက် တရုတ်-အာဖရိက စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများအတွက် ပြီးပြည့်စုံသော မဟာဗျူဟာများ အဆင့်မြှင့်တင်မှုကို အခြေခံကျကျလုပ်ဆောင်သွားရန် လိုအပ်သည်။

ပထမဆုံးအနေဖြင့် ရေသွင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းလွန်အထောက်အကူပြု အဆောက်အအုံများနှင့် ပို့ဆောင်ရေးအပါအဝင် အာဖရိကဒေသစိုက်ပျိုးရေးဆိုင်ရာအခြေခံအဆောက်အအုံအတွက် တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်ပံ့ပိုးမှုများသည် လေလွင့်ဆုံးရှုံးမှုများလျှော့ချနိုင်ပြီး ကုန်ထုတ်လုပ်မှုမြှင့်တင်သွားနိုင်ပေသည်။

ဒုတိယအချက်အနေဖြင့် အာဖရိကစိုက်ပျိုးရေးထွက်ကုန်များတန်ဖိုးမြှင့်တင်နိုင်မည့် အစိမ်းရောင်လမ်းကြောင်းလုပ်ငန်းအရှိန်မြှင့်တင်ခြင်းသည် တရုတ်ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်တက်လာစေမည်ဖြစ်သည်။ တတိယတစ်ချက်မှာ အာဖရိကဒေသထွက်ကုန်များကို အသိအမှတ်ပြုခြင်းသည် တရုတ်နိုင်ငံတွင် ဈေးကွက်တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်သည်။ စတုတ္ထအချက်အနေဖြင့် အာဖရိကဒေသ၏စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော တရုတ်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ပေးခြင်းသည် ယှဉ်ပြိုင်မှုစွမ်းအားနှင့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုတို့အတွက် ဒေသဆိုင်ရာစွမ်းဆောင်ရည် တည်ဆောက်ရာတွင် များစွာအရေးပါလျက်ရှိသည်။

ပဉ္စမအချက်အနေဖြင့် အာဖရိက SMEs များအတွက် တရုတ်နှင့် အာဖရိကဘဏ်များကြား မိတ်ဖက်ထူထောင်မှုသည် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအထောက်အကူပြုလျက်ရှိသည်။ ထိုသို့ မိတ်ဖက်ဘဏ်များ ထူထောင်ထားရှိခြင်းသည် နည်းပညာပိုင်းဆိုင်ရာဆန်းသစ်တီထွင်မှု၊ စိုက်ပျိုးရေးစက်မှုလုပ်ငန်း၊ အသေးစားနှင့်အလတ်စား လယ်သမားများနှင့် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းရှင်များအတွက် ရန်ပုံငွေထူထောင်ပေးနိုင်မည်ဖြစ်သည်။ ဆဋ္ဌမအချက်အနေဖြင့် အာဖရိကထုတ်ကုန်များ အရောင်းမြှင့်တင်ရေး တရုတ်ကုန်သွယ်မှုပလက်ဖောင်းထူထောင်ခြင်းသည် ဈေးကွက်ထိုးဖောက်ရေးအတွက် သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့် အာဖရိကတိုက်တစ်ခုလုံးလွှမ်းခြုံသည့် အကောက်ခွန်ကင်းလွတ်ခြင်း၊တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ခြင်းအားဖြင့် AfCFTAနှင့်အတူ တရုတ်-အာဖရိကစိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်ကုန်သွယ်မှုပိုမိုပူးပေါင်းဆောင်ရွက်ခြင်းသည် ဒေသတွင်းအပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်စွမ်းအားတို့ကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ၂၀၃၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးကုန်သွယ်မှုအမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရရှိရေးသည် အာဖရိကမှ တရုတ်နိုင်ငံသို့ လက်ရှိတင်သွင်းနေသည့် စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ကိုးဘီလီယံထက် နှစ်ဆကျော်မြှင့်တင်သွားရန်လိုအပ်သည်။ အဆိုပါရည်မှန်းချက်သည် ကြီးမားလှသော်လည်း မဟာဗျူဟာမြောက်ကြိုးပမ်းမှုများနှင့်အကောင်အထည်ဖော်သွားမည်ဆိုလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ယခုနှစ် စက်တင်ဘာလတွင် ပေကျင်းမြို့၌ ပြုလုပ်သွားမည့် ကိုးကြိမ်မြောက် FOCAC သည် အပြုသဘောဆောင်သော အထောက်အပံ့များပေးသွားမည်ဆိုလျှင် တရုတ်နှင့် အာဖရိကတို့သည် စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရရှိရေး ရည်မှန်းချက်ထက်ပင် ကျော်လွန်နိုင်ပေသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အာဖရိကနိုင်ငံများကို ကမ္ဘာ့ဈေးကွက်များသို့ ချိတ်ဆက်နိုင်သော ကုန်သွယ်မှုစကြံများ ဖန်တီးခြင်းအားဖြင့် ကုန်သွယ်မှုအတားအဆီးများကို ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်။ ဆိုရလျှင် တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် အာဖရိကနှင့်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ထိ တိုးမြှင့်သွားရန် ရည်မှန်းထားရှိသည်။

၂၀၂၂ ခုနှစ်အတွင်း တရုတ်အစိုးရသည် အာဖရိက ၁၈နိုင်ငံမှတင်သွင်းသော ကုန်စည်များအပေါ် အခွန် ၉၈ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့သည်။ ထိုသို့ အခွန်လျှော့ချပေးခြင်းသည် အာဖရိကတိုက်တွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေခဲ့သည်။ တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းအင်းများအရ လွန်ခဲ့သော ၁၀နှစ်ကျော်ကာလအတွင်း အာဖရိကတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး တရုတ်ကုမ္ပဏီ ၃၀၀၀ ကျော်သည် အာဖရိကတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထို့ကြောင့် တရုတ်နှင့်အာဖရိကနိုင်ငံများကြား စိုက်ပျိုးရေးထွက်ကုန်များဆိုင်ရာကုန်သွယ်မှုတန်ဖိုးသည် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုရရှိရန် အလားအလာ ကောင်းမွန်လျက်ရှိပေသည်။

**Source :**

**(1) Is $ 20 Billion by 2030 Realistic¿ Evaluating China – Africa Agricultural Trade AmbitionsBy The Diplomat.**

**(2) CONNECTIONG THE DOTS By Beijing Review.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တောဝင်စား ဇာတ်လမ်းတွဲကို CANAL + ZATLENN Channel နှင့် CANAL + App မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇူလိုင် ၁၅**

Canal Plus Myanmar FG နှင့် FG Series Production တို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်သည့် တောဝင်စား ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ်လတွင် CANAL + ZATLENN Channel နှင့် CANAL + App မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ပီကေ (PK)က ပြောပြ၍ သိရသည်။

တောဝင်စား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ပီကေ (PK) က ရေးသားထားခြင်းဖြစ်ပြီး Cloud Club အဖွဲ့က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပီကေ(PK) က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်လမ်းကို ရေးဖြစ်တာကတော့ ၂၀၂၀ ပြည့်နှစ်လောက်ကတည်းက ရေးဖြစ်တာပါ။ ဇာတ်လမ်းကတော့ လျှို့ဝှက်သည်းဖိုတာတွင်း စွန့်စားခန်းဆန်ဆန် ဇာတ်လမ်းတွဲပါ။ ကျွန်တော့်ရဲ့ ပထမဆုံး ရုပ်သံဇာတ်လမ်းတွဲလဲဖြစ်တဲ့ တောဝင်စားဇာတ်လမ်းတွဲကို CANAL + ZATLENN Channel နဲ့ CANAL + App မှာ ဩဂုတ်လ ပထမပတ်ထဲမှာ စတင်ပြသဖို့ရှိပါတယ်"ဟု ဒါရိုက်တာ ပီကေ (PK)က ပြောပြသည်။

တောဝင်စား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဖြိုးလေး၊ ထက်ယံ၊ သားညီ၊ စည်ဖြိုး၊ ဂျေဟိုက်၊ လင်းသစ်အောင်၊ ငြိမ်းဖြူ၊ သံသာမိုးသိမ့်နှင့်အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# တေးသံရှင်ခြောက်ဦးသီဆိုထားသည့် ဗဒင်အမှတ်တရတေးများ အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇူလိုင် ၁၅**

တေးရေး၊ တေးဆို ဗဒင်၏ အောင်မြင်ထင်ရှားခဲ့သည့် သီချင်းများကို တေးသံရှင် ခြောက်ဦး ပြန်လည်သီဆိုထားသည့် ဗဒင်အမှတ်တရတေးများ အစီအစဉ်ကို ဩဂုတ်လတွင် M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း တေးသံရှင် ဂျေမောင်မောင်က ပြောပြ၍ သိရသည်။

ဗဒင် အမှတ်တရတေးများ အစီအစဉ်တွင် တေးရေး၊ တေးဆို ဗဒင်၏ အောင်မြင်ထင်ရှားခဲ့သည့် တေးသီချင်းများကို အဆိုတော်များဖြစ်သည့် ဂျေမောင်မောင်၊ အောင်ထက်၊ ဖိုးကာ၊ ရတနာမိုင်၊ အိုင်ရင်းဇင်မာမြင့်၊ မြတ်သဲနုနှောင်နှောင်တို့က သီဆိုဖျော်ဖြေမည့် အစီအစဉ်ဖြစ်သည်။

"တေးရေး၊ တေးဆို ဗဒင်ရဲ့ ထင်ရှားကျော်ကြားခဲ့တဲ့ တေးသီချင်းတွေကို ပြန်လည်ဆန်းသစ်သီဆိုကြမှာပါ။ စီစဉ်တာကတော့




M Entertainment Channel က စီစဉ်တာပါ။ The Heart Of Rangoon - THOR ဘားမှာ ပြီးခဲ့တဲ့ ဇူလိုင် ၄ ရက်က ဗဒင်အမှတ်တရတေးများ ဖျော်ဖြေမှုအစီအစဉ်မှာ ဖျော်ဖြေခဲ့ကြတဲ့ သီချင်းတွေ အားလုံးနီးပါးကို M Entertainment Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု အဆိုတော် ဂျေမောင်မောင်က ပြောပြသည်။

အဆိုပါအစီအစဉ်ကို M Entertainment Channel ၏ M Music Night ရုပ်သံအစီအစဉ်မှ ဩဂုတ်လတွင် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ည ၉ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပန်းဘဲတန်းမြို့နယ် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် မှတ်တမ်းရုပ်ရှင်ဇာတ်ကားများ ပြသနေ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) တွင် အများပြည်သူကြည့်ရှုအပန်းဖြေနိုင်ရန် အပတ်စဉ် စနေနေ့တိုင်း မှတ်တမ်းရုပ်ရှင်ဇာတ်ကားများ ပြသပေးလျက်ရှိကြောင်း အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီအေးက ပြောပြ၍ သိရသည်။



အဆိုပါ မှတ်တမ်းရုပ်ရှင်ဇာတ်ကားများမှာ Yangon Film School (YFS) မှ အမျိုးသားစာကြည့်တိုက်သို့ လှူဒါန်းထားသည့် မှတ်တမ်းရုပ်ရှင်ဇာတ်ကားများဖြစ်ပြီး အပတ်စဉ် စနေနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ မှ စတင်ကာ တစ်ပတ်လျှင် မှတ်တမ်းရုပ်ရှင်ဇာတ်ကား တစ်ကားနှုန်းဖြင့် အမျိုးသားစာကြည့်တိုက် ပထမထပ်ရှိ Audio၊ Video ခန်းတွင် အများပြည်သူအား အခမဲ့ပြသပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမှတ်တမ်းရုပ်ရှင်ဇာတ်ကားကတော့ အပတ်စဉ် စနေနေ့တိုင်း ပြသပေးနေတာဖြစ်ပါတယ်။ တစ်ပတ်ကို ရုပ်ရှင်ဇာတ်ကား တစ်ကားနှုန်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၁၃ ရက်ကတော့ ဝါးရုံတောဆိုတဲ့ မှတ်တမ်းရုပ်ရှင် ဇာတ်ကားလေး ပြသပေးခဲ့ပါတယ်။ မှတ်တမ်းရုပ်ရှင်ဇာတ်ကားကို ပုံမှန်လာရောက်ကြည့်ရှု အပန်းဖြေသူတွေရှိတဲ့အတွက် အပတ်စဉ် မပျက်မကွက် ပြသပေးနေတာ ဖြစ်ပါတယ်" ဟု ဒေါက်တာကေသီအေးက ပြောပြသည်။

ထို့ပြင် ကလေးစာကြည့်တိုက် ပုံပြောအစီအစဉ်ကိုလည်း အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိပြီး ပြင်ပမှ ပုံပြောအစီအစဉ် စိတ်ဝင်စားသူများက ပုံပြင်များကို ပြောကြားခြင်းနှင့် ပုံပြင်ထဲတွင် ပါဝင်သည့်အကြောင်းအရာများနှင့် ပတ်သက်၍ ကလေးများ၏စိတ်ဝင်စားမှုအလိုက်မေးမြန်းဖြေကြားခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# Star Wars ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဂျိုနသန်ထရော့ပါ ရေးသားမည်

**နယူးယောက် ဇူလိုင် ၁၅**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Star Wars ရုပ်ရှင်ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနသန်ထရော့ပါက တာဝန်ယူရေးသားမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

Star Wars ရုပ်ရှင် ဇာတ်ကားသစ်ကို ကမ္ဘာကျော် ဒါရိုက်တာ ရှောင်လီဗိုင်းက ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂျိုနသန်ထရော့ပါသည် ဒါရိုက်တာရှောင်လီဗိုင်း၏ This is Where I Leave You နှင့် The Adam Project ဇာတ်ကားများအတွက် ဇာတ်ညွှန်းရေးသားခဲ့ဖူးသူဖြစ်သည်။

လက်ရှိအချိန်တွင် Star Wars ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို ဒစ္စနီးကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ရှောင်လီဗိုင်းသည် Star Wars ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ၂၀၂၂ ခုနှစ်ကပင် သဘောတူညီချက်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် Star Wars ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များနှင့် စတင်ရိုက်ကူးမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# The Gun on Second Street ၌ မင်းသမီး ရူမာဝီလစ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁၅**

The Gun on Second Street အမည်ရှိ ဇာတ်ကားသစ်တွင် မင်းသမီး ရူမာဝီလစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ရူမာဝီလစ်သည် မင်းသမီး ပေါ့ပ်ပီဒီလီဗင်းနီ၊ မင်းသား တွမ်အာနိုးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Gun on Second Street ဇာတ်ကားသည် အမေရိကန်နိုင်ငံတွင် ရင်ဆိုင်နေရသည့် သေနတ်ပစ်ခတ်မှုပြဿနာများကို နောက်ခံထားရိုက်ကူးမည့် ဒရာမာရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ရိုဟစ်ခန်းဘက်ထရက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ရူမာဝီလစ်သည် ယခုနှစ်အတွင်း ရုံတင်ပြသမည့် Broken Trail အမည်ရှိ ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Gun on Second Street ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Yinmabin District achieves successful groundnut cultivation on over 24,000 acres in 2024 monsoon season


A large groundnut plantation.

**Yinmabin July 15**

According to the statistics from the Department of Agriculture of Yinmabin District, Sagaing Region, 24,592 acres of groundnuts have been cultivated so far in this year's monsoon crop season.

For the 2024-2025 monsoon crop season, Yinmabin District plans to cultivate a total of 33,329 acres of groundnuts. Cultivation began in May this year, and as of today, 24,592 acres have been successfully cultivated.

"In this year's monsoon crop season, Yinmabin District has planned to cultivate over 30,000 acres of groundnuts. So far, over 20,000 acres have been cultivated. Efforts are being made to meet the planned acreage. As an oil crop, groundnut cultivation has been successful, and there has been year-on-year improvement," said Daw Myat Moe Win, the head of the Yinmabin District Agriculture Department.

This year, the cultivation status of groundnuts in Yinmabin District by township is as follows: 472 acres in Yinmabin Township, 23,800 acres in Kani Township, 252 acres in Salingyi Township, and 68 acres in Pale Township, totaling 24,592 acres.

For the 2024-2025 monsoon crop season, the planned cultivation acreage for each township in Yinmabin District is as follows: 3,096 acres in Yinmabin Township, 29,380 acres in Kani Township, 785 acres in Salingyi Township, and 68 acres in Pale Township, totaling 33,329 acres.

In Yinmabin District, it is known that cultivating one acre of groundnuts requires 1.5 baskets of seeds, and the costs, including seed costs, labor costs, fertilizers, and pesticides, amount to over 200,000 Kyats per acre. It is also known that each acre yields over 50 baskets. This year, to ensure successful cultivation, prevent pest infestations, and keep fields weed-free, officials from the Township Agriculture Departments have been conducting field inspections and recording observations.

206

# At least 23 killed in paramilitary forces attack in W. Sudan: non-governmental groups

**Khartoum July 15**

At least 23 civilians were killed in shootings by the paramilitary Rapid Support Forces (RSF) in North Kordofan State in western Sudan, non-governmental groups announced on Sunday.

The RSF militia committed "a massacre in a number of villages of the Al-Rahad locality in North Kordofan State, killing at least 23 civilians and injuring others," Mashad Observatory for Human Rights, an unofficial legal body, said in a statement on Sunday.

The incident took place when an RSF force intercepted several vehicles coming from Al-Rahad city and heading for the weekly market of Um Simaima village north of Um Rawaba city and opened fire on the passengers, the statement noted.

The Sudanese Doctors Network, a non-governmental group, said in a statement on Sunday that "the RSF carried out a new massacre against a group of civilians from the village of Fangouga in North Kordofan State, opening fire on unarmed passengers while they were going shopping, killing 23 people on the spot and injuring others."

The network condemned it as "a heinous crime against defenseless civilians."

Xinhua

# Monywa Township finishes cultivation of more than 11,000 acres of pigeon pea this monsoon

**Monywa July 15**

This year, local farmers have planted 11,450 acres of pigeon pea in Monywa Township of Sagaing Region, according to the statistics of Monywa Township Agriculture Department.

The township planned to grow 12,350 acres of pigeon pea in 2024-25 monsoon but local farmers have planted 11,450 acres of pigeon pea against the target.

U Soe Thet Aung, Head of Township Agriculture Department, said, "Our township scheduled for growing 12,350 acres of pigeon pea this monsoon. But local farmers have planted 11,450 acres of pea. They are striving for meeting the target cultivation. They grow pigeon pea separately as well as grow it as mixed crop or double crop."

This year, staff of Township Agriculture Department urged local farmers to choose quality strains of crops, use correct agricultural techniques, prevent pests and try to yield high per-acre of crops.


A pigeon pea plantation.

Monywa Township Agriculture Department transferred technology to local farmers to reduce folio fertilizer at pigeon pea plantations and urged them to use urea and other compound to reduce agricultural costs.

206

# Syria warns of consequences following Israeli missile attacks on Damascus

**Damascus July 15**

The Syrian Ministry of Foreign Affairs and Expatriates cautioned on Sunday that Israeli attacks on Syrian soil could lead to uncontrollable consequences and serious repercussions.

In a statement released hours after Israeli missile attacks on a residential neighborhood in the Syrian capital of Damascus and military sites, the ministry reaffirmed Syria's legitimate right to defend its sovereignty and liberate its occupied land through all legitimate means guaranteed by international law.

The ministry warned against the escalation of Israeli attacks on Syrian soil, adding that persistent international silence regarding such attacks would undermine the ability of the international system to confront violations of its charter and international laws.

Israeli strikes in Damascus earlier in the day resulted in casualties among the Syrian military and fires in the targeted areas, as reported by the Syrian Ministry of Defense and relevant sources.

Xinhua


Charred and destroyed cars are pictured after an Israeli missile attack in Damascus, Syria, July 14, 2024.

# Mandalay market sees surge in Myinmu wheat demand

**Mandalay July 15**

The wheat produced from Myinmu Township is receiving high demand in the Mandalay market, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

It is reported that high-quality wheat from Myinmu Township has re-entered the Mandalay market, and the purchase of these wheats in the Mandalay market has increased more than before, and trade is recovering.

"In the domestic market, the demand for good quality wheat from Myinmu Township has increased again in the Mandalay market and Taunggyi as well as other cities. Due to the increase in the demand for wheat from Myinmu Township, the wheat trade has recovered," he continued.

According to the market price on July 11, the price of a 60-viss per bag of wheat is 180,000 kyats.

It has been reported that the good quality wheat produced from Myinmu Township has increased due to the orders from various townships, and due to the increase in domestic purchases, wheat trading has recovered in the Mandalay market.

184

# Mon State produces over 45,000 tonnes of salt in 2023-2024 salt production season


Workers seen busy on a salt farm.

**Thanbyuzayat July 15**

More than 45,000 tonnes of salt were produced from 4,700 acres of salt fields during the 2023-2024 salt production season in Mon State, according to U Khin Win, Deputy Director of the Division of Salt Industry under the Department of Mines for Mon State.

It is also known that the salt production season starts from December every year and stops temporarily in April if it rains, and if there is no rain, they work until the end of May. It is also reported that the salt is mainly produced in Thanbyuzayat, Ye and Paung townships.

"Salt produced in Mon State was sent to Mon, Kayin states, Tanintharyi and Mandalay regions. Instead of coarse salt, the majority of fine salt is being sent to Mandalay Region. The number of salt fields producing sun-dried salt in Mon State was 89 last year and 90 this year," U Khin Win said.

A total of 20 tonnes of raw salt samples from Thanbyuzayat Township have been exported to Japan for trial test, and 40 tonnes will be exported to South Korea.

ASH

# More than 6,000 acres of summer paddy harvested in Kanbalu District

**Kanbalu July 15**

The statistics of Kanbalu District Agriculture Department stated that a total of 6,994 acres of summer paddy has been harvested in the district of Sagaing Region.

Local farmers started harvesting summer paddy planted in summer of 2023-24 in May this year. So far, they have completed harvesting of 6,660 acres of summer paddy in Kanbalu Township and 334 acres in Kyunhla Township, totalling 6,994, and it yielded 83.03 baskets of paddy per acre.

"Kanbalu District planted 22,348 acres of summer paddy this year. Now, local farmers are harvesting summer paddy. Agricultural staff raised awareness of farmers to use agricultural techniques, prevention of pests, and keeping paddy under shelter," said Daw Mar Mar Win, Head of District Agriculture Department.

The district earmarked 20,600 acres of summer paddy this year but local farmers planted 22,014 acres in Kanbalu Township and 334 acres in Kyunhla Township, totalling 22,348 exceeding the target.

Local farmers cultivated paddy with the irrigation facilities in Kanbalu District. So, relevant department irrigates water from dams to farmlands through feeder canals.

Staff members from relevant Agriculture Department helped local farmers use quality strains of crops, make natural fertilizers, grow monsoon crops in time and nurture quality strains.

The departments urged local farmers to contact relevant agriculture departments to fill fertile soil and store quality strains of seeds for crops.

206


Summer paddy being harvested with the help of machinery.

# Cultivation of more than 2,000 acres of vegetables completed in Shwebo Township

**Shwebo July 15**

The statistics of Shwebo Township Agriculture Department indicated that a total of 1,352 acres of vegetable plantations in Shwebo Township of Sagaing Region this monsoon.

The township earmarked 3,857 acres of vegetables this monsoon but local farmers have completed cultivation of 2,352 acres starting from May this year.

U Hsan Oo, Head of Shwebo Township Agriculture Department explained, "This year, the township planned to grow more than 3,000 acres of vegetable plants. So far, local growers have planted more than 2,000 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant and cauliflower. We urged local farmers to use good agricultural practice. And, they have been educated to grow crops with least residue of chemicals."

This tear, Shwebo Township Agriculture Department conducted training courses for enhancing capacity of farmers and staff in growing crops with GAP.

Officials of Township Agriculture Department educated local farmers to use good agricultural techniques, prevent pests, make natural fertilizers and pesticides.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Dabayin Township plants more than 35,000 acres of monsoon groundnut this year

**Dabayin July 15**

The statistics of YeU District Agriculture Department mentioned that local farmers have grown 35,474 acres of monsoon groundnut in Dabayin Township of Sagaing Region this monsoon.

In 2024-25 monsoon season, the township earmarked 36,140 acres of monsoon groundnut but local farmers have planted 35,474 acres of monsoon groundnut against the target.

U Zaw Myint Tun, Head of YeU District Agriculture Department, disclosed: "Dabayin Township planned to grow 36,140 acres of monsoon groundnut. So far, local farmers have grown 35,474 acres of crops against the target. They are trying hard to meet the target cultivation. They are expanding sown acreage of groundnut crops yearly."

Local farmers need to use 1.5 baskets of quality strain of groundnut seeds per acre. They cost more than K200,000 for farming labour charge, fertilizer, pesticides and others. But, they can bag more than 50 baskets per acre of monsoon groundnut.

Agricultural staff members and officials made field trips to check thriving groundnut plantations and collected data on records of crops. 206


A groundnut plantation in Dabayin Township.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံ Kalashnikov ကုမ္ပဏီအုပ်စုက ဒရုန်းများထုတ်လုပ်မှုကို အရှိန်မြှင့်တင်



ရုရှားနိုင်ငံ Kalashnikov ကုမ္ပဏီအုပ်စုဝင် LLC သိပ္ပံနှင့်ထုတ်လုပ်မှုအဖွဲ့အစည်း Izhevsk Unmanned Systems (LLC NPO IzhBS)သည် နိုင်ငံတော်ကာကွယ်ရေး အမှာစာများအတွက် တိုးပွားလာသောလိုအပ်ချက်ကိုဖြည့်ဆည်းရန် ဒရုန်းများထုတ်လုပ်မှုကို အရှိန်မြှင့်တင်နိုင်ရန် ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကုမ္ပဏီသည် ဒရုန်းများ(UAV)ထုတ်လုပ်မှုကို ၂၀၂၄ ခုနှစ်တွင် ၁၀ ဆတိုးထုတ်နိုင်ရန်ပြင်ဆင်နေပြီး လာမည့် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်ကြီးမားစွာ အစီအစဉ်များ ချမှတ်ထားကြောင်း သိရသည်။

စတုရန်းမီတာ ထောင်ပေါင်းများစွာကျယ်ဝန်းသည့် အလုပ်ရုံအသစ်၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ အဆောက်အအုံအသစ်များသည် ခေတ်မီဆန်းသစ်သော တပ်ဆင်ထုတ်လုပ်ရေးစနစ်များအပါအဝင် အဆင့်မြင့် ဒီဇိုင်းဗျူရိုတစ်ခုပါ ထည့်သွင်းဖွဲ့စည်းပေးထားသည်။ ဤသို့ အခြေခံအဆောက်အအုံသစ်များဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခဲ့ခြင်းသည် ဒရုန်းထုတ်လုပ်မှုတိုးမြှင့်ရန် Kalashnikov ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာအတွက် မရှိမဖြစ်လိုအပ်ပြီး အဆင့်မြင့်စစ်ဘက်နည်းပညာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း အာမခံချက်ပေးလိုက်ခြင်းလည်းဖြစ်သည်။

ထို့ပြင် ဆန်းသစ်တီထွင်မှုအပေါ် အာရုံစိုက်ခြင်းဖြစ်သည်။ တိုးမြှင့်ထုတ်လုပ်မည့် အစီအစဉ်တွင် ထက်ဝက်ကျော်သည် ဒရုန်းအသစ်နှင့် အလားအလာရှိသော ဒရုန်းတိုးတက်ဖွံ့ဖြိုးမှုများအတွက် ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤမျှော်လင့်ချက်ဖြင့် Kalashnikov သည် လက်ရှိ ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက အနာဂတ်နည်းပညာဆိုင်ရာ ခေတ်ရေစီးကြောင်းများအတိုင်း လိုက်ပါစီးမျောနိုင်ရန် မျှော်မှန်းထားခြင်းပင်ဖြစ်သည်။ LLC NPO IzhBS အဖွဲ့သည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း လက်တွေ့ကျကျ တိုက်ပွဲအတွေ့အကြုံများအပေါ် အခြေခံ၍ လက်ရှိထုတ်လုပ်အသုံးပြုလျက်ရှိသော ဒရုန်းနှင့် ဒရုန်းမော်ဒယ်များကို စဉ်ဆက်မပြတ်ပြန်လည်မွမ်းမံသွားမည်ဖြစ်သည်။ ထို့ပြင် ဒရုန်းများ၏ တိုက်ပွဲဝင်စွမ်းဆောင်ရည်၊ နယ်ပယ်စုံအသုံးပြုနိုင်မှုနှင့်စစ်မြေပြင်တွင် အကြမ်းပတမ်းအသုံးပြုနိုင်စေရန်အတွက်လည်းအဆင့်မြှင့်တင်မှုများ ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

ထိုသို့ ကြိုးပမ်းရာတွင် LLC NPO IzhBS အဖွဲ့ကြီးသည် ကျွမ်းကျင်ပညာရှင်လူ့စွမ်းအားအရင်းအမြစ်များကို ထပ်မံစုဖွဲ့၍ လေ့ကျင့်ပေးလျက်ရှိသည်။ ကုမ္ပဏီသည် ဒရုန်းထုတ်လုပ်မှု၏ ဆန်းပြားသော လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဝန်ထမ်းအသစ်များကို လေ့ကျင့်သင်ကြားပေးနိုင်မည့် ကုမ္ပဏီပိုင် လေ့ကျင့်ရေးသင်တန်းကျောင်းကိုလည်း တည်ထောင်ထားသည်။ ၎င်း၏လုပ်သားအင်အား တိုးတက်မြင့်မားစေရေး ရင်းနှီးမြှုပ်နှံခြင်းဖြင့် Kalashnikov ကုမ္ပဏီအုပ်စုသည် ထုတ်လုပ်ရေးစွမ်းရည်များကို အရေအတွက်ရော အရည်အချင်းပါ မြင့်မားစေရေး ဦးတည်ဆောင်ရွက်နေကြောင်း သိရသည်။

ဤသို့ ခေတ်မီရေးနှင့်တိုးချဲ့လုပ်ဆောင်နိုင်ရေး ကြိုးပမ်းမှုများသည် နိုင်ငံတော်ကာကွယ်ရေးအမှာစာများ သိသိသာသာ တိုးမြင့်လာခြင်းကြောင့် ဖြစ်သည်။ ကုမ္ပဏီ၏ ကုန်ထုတ်စွမ်းအားစုများ မြင့်မားကောင်းမွန်ရေးသည် ထိုအမှာစာများကို ဆောလျင်စွာနှင့် ထိထိရောက်ရောက် ဖြည့်ဆည်းပေးရန်အတွက် အရေးကြီးသည်။ အခြေခံအဆောက်အအုံအသစ်များနှင့် အထူးကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့နှင့်အတူ LLC NPO IzhBS အဖွဲ့ကြီးသည် ၎င်း၏ကတိကဝတ်များကိုပြည့်မီရန် ဆောင်ရွက်နိုင်သော အနေအထားတစ်ရပ်တွင်ရှိနေပြီး ကာကွယ်ရေးကဏ္ဍတွင် အဓိကအရေးပါသည့်အဖွဲ့အဖြစ် ဂုဏ်သတင်းပိုင်ဆိုင်ထားသည်။

**Russia and Kalashnikov Step Up Production of Unmanned Aerial Vehicles ကိုဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲနိုင်ငံ Roketsan ကုမ္ပဏီ၏ မျိုးဆက်သစ် ÇAKIR ခရုဇ်ဒုံးကျည်ကို စီးရီးလိုက်ထုတ်လုပ်မှုစတင်

တူကီယဲနိုင်ငံ Roketsan ကုမ္ပဏီသည် ပြည်တွင်းရော ပြည်ပပါအလားအလာရှိသော ဖောက်သည်နိုင်ငံများထံ ÇAKIR ခရုဇ်ဒုံးကျည်ကို မိတ်ဆက်ရောင်းချရန်အတွက် အသင့်ပြင်ဆင်ထားပြီး စီးရီးလိုက်ထုတ်လုပ်မှုစတင်ခဲ့ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ÇAKIR ခရုဇ်ဒုံးကျည်သည် ပေါ့ပါးကျစ်လျစ်ပြီး အကောင်းဆုံးဒီဇိုင်းဖြင့်တီထွင်ထုတ်လုပ်ထားသော ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်ကာ အလေးချိန်အားဖြင့် ကီလိုဂရမ် ၂၇၀၊ အလျား ၃ ဒသမ ၃ မီတာနှင့် ဒုံးကိုယ်ထည် အချင်း ၂၇ စင်တီမီတာသာရှိသည်။ ၎င်း၏စွမ်းဆောင်ရည်ကို Kale Arge ကုမ္ပဏီက တူကီယဲနိုင်ငံပြည်တွင်းထုတ် KTJ-1750 တာဘိုင်အင်ဂျင်ဖြင့် အဆင့်မြှင့်တင်ထားပြီး ၎င်းသည် အကွာအဝေး ကီလိုမီတာ ၁၅၀ ကျော်ရှိ ပစ်မှတ်များထိ ရောက်ရှိနိုင်စေကာ ဒုံးကျည်အောက်ခြေတွင် လေဝင်လေထွက်စနစ် (Air Intake System) တပ်ဆင်ပေးထားသည်။

ဤခရုဇ်ဒုံးကျည်သည် ကြည်း၊ ရေ၊ လေသုံး လက်နက်စနစ်များ၊ ဒရုန်းစနစ်များအပါအဝင် အမျိုးမျိုးသော ပလက်ဖောင်းများမှ ပစ်လွှတ်နိုင်စေမည့် ထူးခြားသောဖွဲ့စည်းတည်ဆောက်မှုပုံစံမျိုးဖြစ်ပြီး မတူညီသော တိုက်ပွဲအခြေအနေများတွင် ဘက်စုံအသုံးပြုနိုင်စေမည်ဖြစ်သည်။

ထို့ပြင် ÇAKIR ခရုဇ်ဒုံးကျည်တွင် အားကောင်းသော ကီလိုဂရမ် ၇၀ ရှိ အပူရှိန်မြင့်မားသော ပေါက်ကွဲခဲယမ်း (Thermobaric Explosive Charge)တပ်ဆင်ထားပြီး အနီအောက်ရောင်ခြည် ပုံရိပ်ဖော်စနစ်နှင့်ရေဒီယိုကြိမ်နှုန်းတို့ ပေါင်းစပ်ထားသည့် အဆင့်မြင့်လမ်းညွှန်ထိန်းကျောင်းရေးစနစ်ကို အသုံးပြုထားသည်။ အခြေခံအဆောက်အအုံမှသည် အခိုင်အမာခံစစ်မြေအောက်ဘန်ကာများကဲ့သို့သော ရှုပ်ထွေးသည့် စစ်မြေပြင်အခြေအနေများတွင် ပစ်မှတ်မျိုးစုံကို တိကျစွာနှင့် ထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။

ÇAKIR ဒုံးကျည်၏ အထူးခြားဆုံးသောအင်္ဂါရပ်များထဲမှတစ်ခုမှာ ဒုံးကျည်၏ ကိုယ်ထည်ကို ရေဒါစုပ်ယူနိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ထားသောကြောင့် ရန်သူ့ရေဒါစနစ်များက ထောက်လှမ်းရန် ခက်ခဲစေမည်ဖြစ်သည်။ ဆိုးရွားသောရာသီဥတုအခြေအနေများတွင် သာလွန်ကောင်းမွန်သော စွမ်းဆောင်ရည်များကို အာမခံချက်ပေးနိုင်မည့် ပျံသန်းမှုဆိုင်ရာအချက်အလက်များကို ထပ်မံလက်ခံတွက်ချက်ပေးနိုင်သည့် လမ်းညွှန်စနစ်များလည်း ပါရှိသည်။ ဒုံးကျည်တွင် တိကျသော လမ်းကြောင်းပြမှုအတွက် GNSS နည်းပညာအပြင် ရေဒါနှင့် Barometric Altimeter အမြင့်တိုင်းကိရိယာများ ပါဝင်သည်။




ခေတ်မီစစ်မြေပြင်၏လိုအပ်ချက်များနှင့် စစ်လက်နက်ပစ္စည်းဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို နက်နဲစွာနားလည်သဘောပေါက်ထားသည့် Roketsan ကုမ္ပဏီအနေဖြင့် တူကီယဲတပ်မတော်အတွက် ကာကွယ်ရေးဆန်းသစ်တီထွင်မှုအပေါ် ၎င်း၏ကတိကဝတ်ကို ထုတ်ဖော်ပြသရုံသာမက ကမ္ဘာ့လက်နက်ဈေးကွက်တွင် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ်ရပ်တည်နိုင်စေရေး ကြိုးပမ်းလာမှုလည်းဖြစ်သည်။

ÇAKIR ခရုဇ်ဒုံးကျည်သည် ခေတ်မီတပ်မတော်များ၏ စစ်ဆင်ရေးစွမ်းရည်များကို အသွင်ပြောင်းရန် အသင့်ရှိနေပြီး တာဝေး၊ တိကျမှုမြင့်မားသော တိုက်ခိုက်ရေးတာဝန်များအတွက် ထိရောက်သောဖြေရှင်းနည်းတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**Turkish Roketsan's Nex-Gen ÇAKIR Cruise Missile Enters Mass Production ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံ ၈၁၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံ ၈၁၃၅ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ဧက ၄၀၀၀ နှင့် မိုးပဲတီစိမ်း ဧက ၁၁၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၁၆၈၅ ဧကနှင့် မိုးပဲတီစိမ်း ဧက ၆၄၅၀ စုစုပေါင်း ၈၁၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မိုးကြိုပဲတီစိမ်း ဧက ၄၀၀၀ နဲ့ မိုးပဲတီစိမ်း ဧက ၁၁၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၈၁၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်”ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် မိုးကြိုပဲတီစိမ်းနှင့် မိုးပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်စေရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တိုက်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**တိုက်ကြီး ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ရွှေညောင်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

# ငပုတောမြို့နယ် ကျောက်တလုံးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ငပုတော ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကမြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့် ရွှေတောင်ကျေးရွာအုပ်စု ကျောက်တလုံးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၁၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်တာဝန်ရှိသူများက ရွှေတောင်ကျေးရွာအုပ်စု ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအတိုးရငွေကျပ်သိန်း ၂၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၄ သိန်း၊ စုစုပေါင်း ငွေကျပ် ၂၅၄ သိန်းတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုကို စစ်ဆေးကြပြီး ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာမှတာဝန်ရှိသူများကို မှာကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသားများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်းဆိုင်ရာ စာရင်းဇယားများရေးဆွဲထားရှိမှုတို့ကိုစစ်ဆေးခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ် ရွှေတောင်ကျေးရွာအုပ်စု ကျောက်တလုံးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း အလျား ပေ ၂၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာ၏ လူမှုရေးဆိုင်ရာများဆောင်ရွက်ရာတွင် အဆင်ပြေစွာဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဉီး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧည့်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



# ဒီမိုကရေစီဆိုတာ

ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး အသံဗမ်းပြောကြတာတွေလည်း အများကြီးပဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာဘာလဲ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်မရှိသမျှကာလပတ်လုံး ဒီမိုကရေစီကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

၁၉၄၇ခုနှစ်၊ မေလ ၁၉ရက် ဂျူဗလီဟောပဏာမပြင်ဆင်မှုညီလာခံတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်နှင့် မန်ကျည်းပင် စုစုပေါင်းအပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ယခုနှစ်၏ ပထမအကြိမ်နှင့် ယခင်နှစ်များက စိုက်ပျိုးထားရှိသည့် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် ပြန်လည်အစားထိုးစိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယနေ့စိုက်ပျိုးခဲ့သည့်သစ်ပင် ၉၉၅၂ ပင်နှင့် ပထမအကြိမ်စိုက်ပျိုးခဲ့သည့် သစ်ပင် ၁၂၇၀၀ အပါအဝင် စုစုပေါင်း ၂၂၆၅၂ ပင်တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❐ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှအဆက်**

မဟာမင်းကြီး၏အစီရင်ခံစာနှင့် တင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများ၏ပြောကြားချက်များကိုသာ အလေးပေးဖော်ပြခဲ့သည်။ ယင်းသည် လိုရာဆွဲဖော်ပြခြင်းဖြစ်ပြီး မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် ယုံကြည်မှုလျော့နည်းစေသည်။ တိုင်းရင်းသားအရေးနှင့် ဘာသာရေးဆိုင်ရာ တင်းမာမှုများဖြစ်စေသော AA အကြမ်းဖက်အဖွဲ့၏ ဒေသခံလူထုအပေါ် ကြီးလေးသောကျူးလွန်မှုများအား အစီရင်ခံစာတွင် လျှော့ပေါ့ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အစီရင်ခံစာသည် အစိုးရကိုဆန့်ကျင်သည့် အခြားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း လျှော့ပေါ့ဖော်ပြထားသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းက ဖယ်ကြဉ်ရန် သိသာစွာ ဦးတည်ထားသည်။ အပြန်အလှန်ဆွေးနွေးပွဲတွင် အထူးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့်သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် NUG နှင့်ဆက်နွှယ်သော အကြမ်းဖက် PDF အဖွဲ့များ၏ စွပ်စွဲမှုများနှင့် ပုံဖော်ပြောဆို ဝါဒဖြန့်မှုများကိုသာ သံယောင်လိုက်ပြောဆိုထားသည်။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လထိ အပြစ်မဲ့အရပ်သားဦးရေ ၇၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို ရှုတ်ချရမည့်အစား ယင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကို တိုက်တွန်းလျက်ရှိရာ ပြည်သူအားလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ၏ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

အထူးအစီရင်ခံစာတင်သွင်းသူက ထုတ်ပြန်ထားသည့် တာဝန်မဲ့သော အစည်းအဝေးစာရွက်စာတမ်းများတွင် တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကို ထောက်ပံ့နေသယောင် လွဲမှားစွာဖော်ပြထားရာ အထင်အမြင်လွဲမှားမှုများ နက်ရှိုင်းစွာဖြစ်ပေါ်စေသည်။ ယင်းစာရွက်စာတမ်းများတွင် မြန်မာပြည်သူများ၏လူမှုစီးပွားဘဝအပေါ် ပြင်းထန်သော သက်ရောက်မှုများဖြစ်ပေါ်လာစေနိုင်သည်ကို လျစ်လျူရှုလျက် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် မျှတမှုကင်းမဲ့စွာ တောင်းဆိုထားသည်။

အိုအိုင်စီက မကြာသေးမီကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်၏ အဓိကအကြောင်းရင်းကို ဖော်ပြရန် ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ရည်ရွယ်ချက်ကင်းမဲ့သည်ကို ပြသနေသည်။

အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီး မျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ကွင်းဆင်းလေ့လာရေး၊ ခရီးသွားလာရေးနှင့် ဝန်ထမ်းများ နေရာရွှေ့ပြောင်းရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ချက်အဆိုများ၊ ယင်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူမပြုသဖြင့် မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် ဘက်မလိုက်ရေးအခြေခံမူများကို ကျင့်သုံးရန်နှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို လေးသိမ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရေးတို့အတွက် စစ်မှန်သည့်ကြိုးပမ်းမှုများကိုဟန့်တားခြင်းမပြုရန် တောင်းဆိုသည်။

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အပြန်အလှန်ဆွေးနွေးပွဲများနှင့် အိုအိုင်စီကတင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်အသီးသီးကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့တို့၏ အင်တာနက်စာမျက်နှာများတွင် လေ့လာကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်။**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်နှင့်ငွေရေးကြေးရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် ငွေပေးချေမှု၊ ချေးငွေ၊ နည်းပညာအကူအညီပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပံ့ပိုးပေးနိုင်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ဖွင့်ပွဲ ကျင်းပ






**နေပြည်တော် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(Yangon Regional Tourism Development Forum) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်ယိမ်းအဖွဲ့က "ရွှေလက်ကမ်း၍ကြိုလျက်ပါ"သီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဆွဲဆောင်မှုအရင်းအမြစ်များအပေါ် မူတည်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ အားလုံးတက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းနှင့်ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျှော်မှန်း၍လက်တွေ့ကျပြီး စနစ်တကျဆောင်ရွက်နိုင်သည့် အစီအမံများကို တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း၊ ယခုဖိုရမ်မှရရှိလာမည့် ဆွေးနွေးမှုရလဒ်များကိုလည်း အထူးဂရုပြုအလေးထားပြီး ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် တိုက်တွန်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင်ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များပါဝင်သည့် အဖွဲ့ငါးဖွဲ့ခွဲ၍ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးဆောင်ရွက်မည့်အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုအထောက်အကူပြုစေနိုင်မည့်စီမံချက် (Yangon Regional Tourism Development Plan)အား ရေးဆွဲနိုင်ရေးဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ယိမ်းအဖွဲ့က "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှယိမ်းအဖွဲ့နှင့်ဖိုရမ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်ဖိုရမ်ကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းများခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး အဖွဲ့ ငါးဖွဲ့ခွဲကာ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်း၊ ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၁၃၈၆ (၂၀၂၄)ခုနှစ် (၃၁)ကြိမ်မြောက် အစိုးရနိကာယ် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာမည်

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၆ (၂၀၂၄)ခုနှစ် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်းကို ၁၃၈၆ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃/၂၀၂၄)**
၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် မဟော်ဂနီလမ်း အမှတ်(၂/၂/၂၃၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ**ကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ၅၀ ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုစတင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်ရေး နည်းလမ်းအသစ်တစ်ခုအဖြစ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး (ရန်ကုန်-ကော့သောင်း-ရနောင်း) နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ခွင့်ကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့၊ တင်သွင်းမှုများကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်ထိ ပို့ကုန်လိုင်စင် ၁၅ စောင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ လေးသန်းကျော်ဖိုးနှင့် သွင်းကုန်လိုင်စင် ၅၉၈ စောင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖိုးကို ခွင့်ပြုထားပြီးဖြစ်သည်။

လုပ်ငန်းစတင်ဆောင်ရွက်မှုအနေဖြင့် Gold Shipping Agency Services Limited ၏ ပထမသင်္ဘောဖြစ်သော MV. BEYPORE SULTAN (VOY-24001)သည် ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ MIP ဆိပ်ကမ်းမှ ပြောင်းဖူးစေ့နှင့် သန့်စင်ပြီးသတ္တုများတင်ဆောင်၍ ထွက်ခွာခဲ့ရာ ကော့သောင်းကုန်သွယ်ရေးစခန်း၌ ဇူလိုင် ၈ ရက်တွင် စစ်ဆေးခံ၍ ရနောင်းသို့ ဆက်လက်ထွက်ခွာခဲ့ကြောင်းနှင့် ရနောင်းဆိပ်ကမ်းတွင် ကုန်ချခြင်း၊ သွင်းကုန်များကို တင်ဆောင်ခြင်းများပြုလုပ်၍ ဇူလိုင် ၁၀ ရက်တွင် ရနောင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့ပြင် Mawlamyine Century Logistics Co., Ltd (MCL)၏ ပထမသင်္ဘော(MCL 4 )သည် ရန်ကုန်မြို့ TMT ဆိပ်ကမ်းမှ ပြောင်းဖူးစေ့၊ သန့်စင်ပြီးခဲသတ္တုနှင့် အဝတ်အထည်များတင်ဆောင်၍ ဇူလိုင် ၁ ရက်တွင် စတင်ထွက်ခွာခဲ့ရာ ဇူလိုင် ၅ ရက်တွင် ကော့သောင်းကုန်သွယ်ရေးစခန်း၌ စစ်ဆေးခံပြီး ရနောင်းသို့ ဆက်လက်ထွက်ခွာကြောင်း၊ ရနောင်းဆိပ်ကမ်းတွင် ကုန်ချခြင်း၊ သွင်းကုန်များကို တင်ဆောင်ခြင်းများပြုလုပ်၍ ဇူလိုင် ၁၂ ရက်တွင် ကော့သောင်း Check Point သို့ ပြန်လည်ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

အဆိုပါသင်္ဘောပေါ် ပါရှိပစ္စည်းများကို နယ်စပ်ကုန်သွယ်မှု စစ်ဆေးကြီးကြပ်ရေးအဖွဲ့(OSS)က သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် ပေ ၂၀ ကုန်သေတ္တာ ၅၆ လုံး၊ ပေ ၄၀ ကုန်သေတ္တာနှစ်လုံး စုစုပေါင်းကုန်သေတ္တာ ၅၈ လုံးပါရှိကြောင်းသိရှိရပြီး သင်္ဘောသည် ဇူလိုင် ၁၃ ရက်တွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကာ ဒုတိယသင်္ဘော (MCL 9) သည်လည်း ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ကုန်တင်ဆောင်ခြင်းများပြုလုပ်၍ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု(ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာသင်္ဘောနှစ်စီးဖြင့် ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်္ဘောများဆက်လက်၍ ထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် အဆိုပါကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရလေကာပင်များဖြစ်သော ထိုင်ဝမ်ဇန်ဒါ ၁၂၅ ပင်၊ မဲဇလီ ၁၂၅ ပင်၊ ပိတောက်ပင် ၁၃၀၊ ခရေပင် ၁၂၀ နှင့် မန်ကျည်းရှားပင် ၂၀၀ စုစုပေါင်းအပင် ၇၀၀ ကို ကမ်းခြေစောင့်ကွပ်ကဲမှုဌာနချုပ်၏ တပ်အဝင်လမ်းမကြီးလမ်းဘေးဝဲယာတို့တွင် စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၅-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၉၆ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၁၃ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာသက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၉၂ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း ၆၁၃ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ **ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

၂။ **မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

၃။ **ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**




# မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စားရေရိက္ခာဖူလုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး လယ်ယာမြေများ မလျော့ပါးရေးမူဝါဒအရ စိုက်ပျိုးမြေများအဖြစ် အသုံးပြု၍ရသည့် မြေလွတ်၊ မြေရိုင်းများကို အသုံးပြုနိုင်ရေး အားပေးဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ခွင့်၊အသုံးပြုခွင့်လျှောက်ထားလာမှုများအပေါ် စိစစ်၍ ခွင့်ပြုချထားပေးလျက်ရှိပါကြောင်း၊ လုပ်ကိုင်ခွင့်ရရှိသူများ အနေဖြင့် ခွင့်ပြုခွင့်ချထားပေးသည့် လုပ်ငန်းများကို အကျိုးရှိစွာအပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာရန် ပျက်ကွက်ပါက ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာန ဦးစီးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် အမှုတွဲ ၁၇ ခုကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များနှင့် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်း ရရှိသည်။

**မျိုးကျော်**

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ်အတွင်းရှိ ဇီးဖြူကုန်းရပ်ကွက်၊ နဂဂရိုးရာကွင်း၊ နှစ်ချင်းအသင်းတော်ခရစ်ယာန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)နှင့် မြသိန်းတန်စေတီတို့ရှိ ရေဘေးသင့်ပြည်သူများကိုစားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေးသင့် ပြည်သူများကို သောက်ရေသန့်များ ထောက်ပံ့ပေးအပ်စဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

အဆိုပါ တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းဖြင့် ဇူလိုင် ၁၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အရာရှိစစ်သည်၊ မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၂၆ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

"နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။"

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Truck မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ နှင့် မကွေးမြို့နယ် ကံပြားကျေးရွာအနီး၊ မြို့အဝင် စစ်ဆေးရေးဂိတ်၌ Honda Fit မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်သည်။

အလားတူ ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ပေါင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ducart လျှပ်စစ်စက်ဘီးအစီး ၈၀ အပါအဝင်ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၇၅၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် JAC Tractor Head တစ်စီးနှင့်နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၆၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၉၁၂ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လပွတ္တာမြို့နယ် အောင်တော်မူကျေးရွာ၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၉၅ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ Intercom Radio ခြောက်လုံးအပါအဝင် ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijetမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၅၈၂ တန်၊ အခြားသစ် ၁ ဒသမ ၈၀၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၉၄၁ ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ဝေါမြို့နယ် စစ်တောင်းတံတားအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၄၀၉၄၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်၊ ၁၄ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၄၀၂၅၃ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဇူလိုင် ၇ ရက်မှ ၁၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၄၁ ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက် ည ၈ နာရီမှ ဇူလိုင် ၁၄ ရက် ည ၈ နာရီထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၄၈၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦး တွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၉ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေသန့်စင်စက်တပ်ဆင်ထားသော ကားများဖြင့် သောက်ရေသန့်ပေးဝေခြင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလျက်ရှိသောမြို့နယ်အချို့တွင် သောက်ရေသန့်ရရှိရေးအထူးစီမံချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေသန့်စင်စက်တပ်ဆင်ထားသော ကားများဖြင့် ရေထွက်ပင်ရင်းမှ ရေကိုတိုက်ရိုက်စုပ်ယူကာ Ceramic Membrane Filtration System ကိုအသုံးပြု၍ စနစ်တကျသန့်စင်ပေးပြီး သောက်သုံးရန်အတွက် အသင့်ဖြစ်သော သောက်ရေသန့်ပေးဝေခြင်းကိုဆောင်ရွက်လျက်ရှိသည်။

သောက်ရေသန့်ပေးဝေခြင်းကို ဇူလိုင် ၁၃ ရက်မှဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် ခရမ်းမြို့နယ် (၇)ရပ်ကွက်၊ (၉)ရပ်ကွက်၊ (၁၀)ရပ်ကွက်ရှိ ရပ်ကွက်ရေလှောင်ကန်များမှ ရေဂါလန် ၉၅၀ ရယူသန့်စင်ပြီး အိမ်ထောင်စု ၄၃၃ စုကို သောက်ရေသန့်ပေးဝေခဲ့သည်။

အလားတူ ဇူလိုင် ၁၄ ရက်တွင် သန်လျင်မြို့နယ် မြို့ဟောင်းရပ်ကွက်တွင် ရေဂါလန် ၁၈၀၀ ကိုသန့်စင်ပြီး အိမ်ထောင်စု ၁၂၀ ကိုလည်းကောင်း၊ ခရမ်းမြို့နယ် (၇) ရပ်ကွက်ရှိ ရပ်ကွက်ရေလှောင်ကန်မှ ရေဂါလန် ၇၅၀ ရယူသန့်စင်ပြီး အိမ်ထောင်စု ၇၅ စုကိုလည်းကောင်း သောက်ရေသန့်ပေးဝေခဲ့သည်။

ဆက်လက်ပြီး ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းထိ သန်လျင်နှင့်ခရမ်းမြို့နယ်တို့တွင် အိမ်ထောင်စု ၆၂၈ စု အတွက် စုစုပေါင်း သောက်ရေသန့် ဂါလန် ၃၅၀၀ကို ပေးဝေနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❖ ကျောဖုံးမှအဆက်

အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ မက်အင်တိုင်ရီသည် မွေးရပ်မြေတွင်ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီက စကော့တလန်မြေတွင် အောင်မြင်မှုရယူလိုကြောင်းဝန်ခံပြောကြားခဲ့သည့် မက်အင်တိုင်ရီအနေဖြင့် ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။

ပြိုင်ပွဲပထမနေ့မှ တတိယနေ့ပြီးသည်ထိ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘက်သည် နောက်ဆုံးနေ့၌ သတ်မှတ်ရိုက်ချက်ထက် သုံးချက်ပိုရိုက်ခဲ့သည့်အတွက် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

မက်အင်တိုင်ရီက "ကျွန်တော့်ဘဝအတွက် ဝမ်းသာစရာအကောင်းဆုံးနဲ့ အမှတ်ရစရာအကောင်းဆုံးနေ့ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့အတွက် နည်းပြအဖွဲ့အတွင်းမှာလည်း အပြောင်းအလဲတွေ အများကြီးပြုလုပ်ခဲ့သလို လေ့ကျင့်ပြင်ဆင်မှုတွေမှာလဲ အရင်ထက်ပိုပြီးတော့ အချိန်ပေးခဲ့တယ်။ ကစားသမားဘဝအတွက် အလိုချင်ဆုံးသော ဆုဖလားဖြစ်တဲ့အတွက် ဒီဆုဖလားကိုရယူနိုင်ဖို့ အပင်ပန်းခံပြီးပြင်ဆင်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်အလိုချင်ဆုံးဆုဖလားကိုရယူနိုင်ခဲ့ပြီဖြစ်တဲ့အတွက် အောင်ပွဲခံတာကိုလဲ အကြီးအကျယ်ပြုလုပ်သွားမယ်။ကျွန်တော့်ရဲ့အောင်မြင်မှုအတွက် စကော့တလန်ပရိသတ်တွေရဲ့ အားပေးမှုကလဲ အံ့ဩစရာကောင်းလောက်အောင်ပါပဲ။ ဘဝရဲ့ အခမ်းအနားဆုံးအခိုက်အတန့်မှာ မိသားစုတွေမိတ်ဆွေတွေနဲ့အတူ အခမ်းအနားဆုံး အောင်ပွဲခံသွားဖို့ စီစဉ်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပြည်သူရင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၁၇-၇-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မဟာမြိုင်လမ်းတွင်ပိတ်မိနေသည့် ကားသမားများနှင့် PDF အဖွဲ့ဝင်များ ပြဿနာဖြစ်ပြီး PDF များက ပစ်ခတ်ရာ ကားသမား နှစ်ဦး ဒဏ်ရာရရှိပြီး ကားအချို့ပျက်စီး၊ PDF တွေက ကားသမား ရှစ်ဦးကို အဓမ္မဖမ်းဆီးနှိပ်စက်မှု"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်းပြည်နယ်ရှိ ကောင်တီလေးခုကို ရေဘေးအန္တရာယ် အနီရောင်အဆင့်သတ်မှတ်



**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်းပြည်နယ်ရှိ ကောင်တီလေးခု၌ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် အဆိုပါကောင်တီလေးခုကို ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း ဝစ်ကွန်ဆင်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် ယနေ့မှစတင်၍သတ်မှတ်ခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေလှောင်တမံအတွင်း ရေပမာဏမြင့်တက်ကာ ရေလှောင်တမံ ကျိုးပေါက်မည်စိုးရိမ်သည့်အတွက် ရေဖွင့်ချရာမှ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်ထားသည့်ကောင်တီလေးခုမှာ ကာလူမက်ကောင်တီ၊ အောက်တာဂါမီကောင်တီ၊ ဝေါပါကာကောင်တီနှင့် ဝင်းနီဘာဂိုကောင်တီတို့ဖြစ်ကြောင်း သိရသည်။

"ဝစ်ကွန်ဆင်းပြည်နယ် အရှေ့မြောက်ဘက်ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက်ကြောင့် ရေလှောင်တမံမှာ ရေပမာဏမြင့်တက်ခဲ့ပြီး ရေလှောင်တမံ ကျိုးပေါက်မှာစိုးတဲ့အတွက် ရေတွေဖောက်ချခဲ့ရတယ်။ ရေဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ကောင်တီလေးခုမှာတော့ အရေးပေါ်အဆင့်ဖြစ်တဲ့ အနီရောင်အဆင့် သတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပြီး လမ်း၊ တံတားပျက်စီးမှုကြောင့် လမ်းတချို့ကိုလဲ ယာယီပိတ်ထားရတယ်"ဟု ဝစ်ကွန်ဆင်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူ တိုနီအဲဗားက ပြောကြားခဲ့သည်။

အဆိုပါ ကောင်တီလေးခုတွင် မိုးရေချိန်မှာ လေးလက်မမှ ခြောက်လက်မထိ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး အချိန်တိုအတွင်း ရေဘေးအန္တရာယ်အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ခဲ့ရခြင်းဖြစ်ကြောင်း ဝစ်ကွန်ဆင်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ယူဂန်ဒါနိုင်ငံတွင် သစ်တောများ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုအနေဖြင့် မြေ ၅၂ ဟက်တာ၌ သစ်ပင်များစိုက်ပျိုး

**ကမ်ပါလာ ဇူလိုင် ၁၅**

ယူဂန်ဒါနိုင်ငံ၏ အလယ်ပိုင်းဒေသရှိ ခရိုင်တစ်ခုဖြစ်သော Buvumaတွင် သစ်တောများပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုအနေဖြင့် မြေ ၅၂ ဟက်တာ၌ သစ်ပင်များစိုက်ပျိုးခဲ့ကြောင်း Buvuma ခရိုင် သဘာဝအရင်းအမြစ်ဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

Buvuma ခရိုင် သဘာဝအရင်းအမြစ်ဌာနနှင့် အမျိုးသားဆီအုန်းစီမံကိန်း(NOPP) တို့ ပူးပေါင်း၍ ပြုန်းတီးသွားသည့် သစ်တောများအစား သစ်တောဧရိယာ ၅၂ ဟက်တာတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ Buvuma ခရိုင်တွင် သစ်တော ၂၅ ခုရှိပြီး ၁၉ ခုသည် အမျိုးသားသစ်တောအာဏာပိုင်အဖွဲ့(NFA) လက်အောက်ရှိ သစ်တောများဖြစ်ကာ ခြောက်ခုမှာ ခရိုင်၏ ကြီးကြပ်မှုအောက်တွင်ရှိသော ဒေသသစ်တောများဖြစ်ကြောင်း သိရသည်။

အဆိုပါ Buvumaခရိုင်ရှိ သစ်တောများသည် စိုက်ပျိုးမြေ၊ ထင်းလောင်စာနှင့် သစ်များဝယ်လိုအားတိုးလာခြင်းကြောင့် ပြုန်းတီးလာကာ ခရိုင်၏သစ်တောဧရိယာသည်လည်း ၅၀ ရာခိုင်နှုန်း လျော့ကျသွားကြောင်း ဒေသခံများထံမှ သိရသည်။

လက်ရှိ သစ်တောများပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများ ဆောင်ရွက်လျက်ရှိသော်လည်း ပြုစုထူထောင်စိုက်ပျိုးရမည့်ဧရိယာ ဟက်တာ ၄၀၀၀၀ ကျန်ရှိနေဆဲဖြစ်ကြောင်း Buvuma ခရိုင် သဘာဝအရင်းအမြစ်ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# ရုရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုပြင်းထန်သဖြင့် အရေးပေါ်အခြေအနေကြေညာ

**မော်စကို ဇူလိုင် ၁၅**

ရုရှားနိုင်ငံတောင်ပိုင်း ပင်လယ်နက်ရှိ Novorossiisk မြို့တွင် တောမီးလောင်ကျွမ်းမှု ပြင်းထန်သဖြင့် အရေးပေါ်အခြေအနေကြေညာခဲ့ရကြောင်း Novorossiisk မြို့တော်ဝန် Andrei Kravchenko က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်းက ရုရှားနိုင်ငံတစ်ဝန်းတွင် ပြင်းထန်သော အပူရှိန်၊ လေပြင်းတိုက်ခတ်မှုများနှင့် မိုးကြိုးမုန်တိုင်းများ ဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကြောင့် Novorossiisk မြို့၏ ဧရိယာ ၂၂ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

မီးသတ်သမားများသည် နေရာအနှံ့အပြားတွင် အကြီးအကျယ်လောင်ကျွမ်းနေသည့် တောမီးကို ကြိုးစားငြိမ်းသတ်နေကြကြောင်း၊ တောမီး လောင်ကျွမ်းမှုကြောင့် အန္တရာယ်ရှိသောနေရာများမှ လူဦးရေ ၂၀၀ ခန့်ကို ဘတ်စကားများဖြင့် ကယ်ထုတ်ရန်စီစဉ်ထားပြီး တောမီး လောင်ကျွမ်းမှုကိုလည်း ရဟတ်ယာဉ်များ အသုံးပြု၍ ငြိမ်းသတ်နေကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသွားခဲ့သည်။



ရုရှားနိုင်ငံ Novorossiisk မြို့သည် ပင်လယ်နက်တွင် တည်ရှိပြီး နွေကာလအားလပ်ရက် အပန်းဖြေခရီးထွက်သူများ များစွာလာရောက်လေ့ရှိသည့်နေရာလည်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# ခရိုအေးရှားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှု အရေးပေါ်အဆင့်အဖြစ်သတ်မှတ်

**ဇက်ဂ်ရက် ဇူလိုင် ၁၅**

ခရိုအေးရှားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်နေသဖြင့် အပူလှိုင်းဖြတ်သန်းမှုကို အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ကြောင်း National Hydrometeorological Institute က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုကိုလည်း အနီရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း၊ ခရိုအေးရှားနိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းမှုသည် ဇူလိုင် ၁၃ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး စတင်မြင့်တက်ခဲ့စဉ်က သာမန်အခြေအနေဖြစ်သော်လည်း ဇူလိုင် ၁၄ ရက်တွင် အပူချိန်မြင့်တက်မှု လွန်ကဲလာခဲ့ပြီး အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အပူချိန်အဆိုးရွားဆုံးမြင့်တက်နေသည့်ဒေသများမှာ အရှေ့မြောက်ဘက်ပိုင်းဒေသများဖြစ်ပြီး စလာဗိုနီးယားဒေသနှင့် ဒယ်လ်မာတီယာဒေသတို့ ပါဝင်နေကြောင်း၊ အပူလှိုင်းဖြတ်သန်းကာ အပူချိန်လွန်ကဲမှုကြောင့် ကမ်းခြေများတွင် သွားရောက်အနားယူသူ များပြားခဲ့သော်လည်း ကမ်းခြေတွင် ရေမျက်နှာပြင်ပူနွေးမှု ဖြစ်ပေါ်နေပြီး နေရာတချို့၌ ရေမျက်နှာပြင်အပူချိန်မှာ ၂၈ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း National Hydrometeorological Institute က ထုတ်ပြန်ခဲ့သည်။

လက်ရှိ အပူလှိုင်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော သတိပေးချက်သည် ခရိုအေးရှားနိုင်ငံအတွက် အမြင့်ဆုံးသော သတိပေးချက်ဖြစ်ပြီး ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာ ခြိမ်းခြောက်နေသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ခရိုအေးရှားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှု အနီရောင်အဆင့် သတ်မှတ်ထားသည့်ကာလအတွင်း ရေဓာတ်ခန်းခြောက်မှုမဖြစ်စေရေးအတွက် ရေများများသောက်ရန်လည်း ခရိုအေးရှား ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# လေထုညစ်ညမ်းမှုနှင့်ဆက်စပ်သည့် ရောဂါဝေဒနာများကြောင့် သေဆုံးသူမြင့်မားသောနိုင်ငံများစာရင်း၌ အိန္ဒိယနိုင်ငံ ပါဝင်နေ

**နယူးဒေလီ ဇူလိုင် ၁၅**

အိန္ဒိယနိုင်ငံသည် လေထုညစ်ညမ်းမှုပမာဏမြင့်မားသော ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်သည့်နိုင်ငံဖြစ်ပြီး လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သည့် ရောဂါဝေဒနာများကြောင့် သေဆုံးသူမြင့်မားသောနိုင်ငံများစာရင်း၌ ပါဝင်နေကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

WHO က အိန္ဒိယနိုင်ငံနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လေထုညစ်ညမ်းမှုပြဿနာအပေါ် သုတေသနပြုလုပ်ခဲ့ရာ သုတေသနရလဒ်များအရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ရောဂါဝေဒနာကြောင့် သေဆုံးသူ ၁၀ ဦးအနက် တစ်ဦးမှာ လေထုညစ်ညမ်းမှုနှင့်ဆက်စပ်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စိတ်ဝင်စားဖို့ကောင်းတဲ့အချက်ကတော့ အိန္ဒိယနိုင်ငံမှာ လေထုညစ်ညမ်းမှုပြဿနာကြောင့် သေဆုံးသူတွေ မြင့်တက်နေတယ်။ အခြားသော သဘာဝအလျောက်ဖြစ်ပေါ်တဲ့ အဆိပ်သင့်ဓာတ်ငွေ့တွေထက် ဒေသတွင်းလူသားတွေရဲ့လုပ်ရပ်နဲ့ဆက်စပ်တဲ့ လေထုညစ်ညမ်းမှုပမာဏတွေက ပိုအန္တရာယ်ရှိနေတယ်။ ကျွန်တော်တို့ရဲ့ သုတေသနရလဒ်တွေအရ လူသားတွေရဲ့လုပ်ရပ်ကြောင့် ဖြစ်ပေါ်နေတဲ့ လေထုညစ်ညမ်းမှုတွေကို လျော့ချနိုင်ဖို့ ခိုင်မာတဲ့မူဝါဒတွေနဲ့ လူသားတွေရဲ့ ကျန်းမာရေးလုံခြုံမှုအနာဂတ်အတွက် တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားသင့်တယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် အဖြေရှာသင့်ပါတယ်"ဟု လေထုညစ်ညမ်းမှုများနှင့် ပတ်သက်ပြီး ကျန်းမာရေးပြဿနာများဆိုင်ရာ သုတေသနများ ပြုလုပ်နေသည့် Institute of Environmental Medicine, Karolinska Institutet မှ သုတေသီ ပက်တာလက်မန်းက ပြောကြားခဲ့သည်။

သုတေသနပြုလုပ်သည့်ကာလအတွင်း မြို့ ၁၀ မြို့၌ သေဆုံးသူ ၃ ဒသမ ၆ သန်း ရှိသည့်အနက် လေထုညစ်ညမ်းမှုနှင့် ဆက်စပ်ပြီး သေဆုံးသူ များပြားခဲ့ကြောင်း WHO က ထုတ်ပြန်ခဲ့သည်။

နယူးဒေလီမြို့နှင့်ပတ်သက်သည့် သုတေသနတွင် နှစ်စဉ် သေဆုံးသူဦးရေ ၁၂၀၀၀ ကျော်ရှိသည့်အနက် ၇ ဒသမ ၂ ရာခိုင်နှုန်းမှာ လေထုညစ်ညမ်းမှုနှင့်ဆက်စပ်နေကြောင်းလည်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ပန်းကလေးများ ပွင့်ပါစေ

မောင်လွှား(ဝမ်းတွင်း)



(၁)

မိုးက အငြိုးရှိသည့်အလား သည်းသည်းမည်းမည်း ရွာနေသည်။ ညကလည်း ပို၍ မည်းမှောင်လာသည်။ အထက်ကောင်းကင်တွင် မြင်တွေ့နေကျဖြစ်သော ကြယ်များကိုပင် မမြင်ရတော့ပေ။ တစ်ချက်တစ်ချက် ပြိုးခနဲ ပြက်ခနဲ လင်းလက်လာသော လျှပ်စီးများ၏ အလင်းကြောင့် ကောင်းကင်တစ်ခုလုံးတွင် မြင်လေကြည့်လေတိုင်းမှာ ခဲသားရောင်မိုးသားများက နေရာအနှံ့တွင် နေရာအပြည့် ယူထားကြသည်။ မိုးနှင့်အတူ ခပ်ကြမ်းကြမ်းတိုက်ခတ်လာသော လေများက အေးစိမ့်လျက်ပင်။ ထိုသို့ အေးစိမ့်နေအောင် တိုက်ခတ်လာသော လေကြမ်းများ ကြမ်းရာမှ တနေ့နေ့ ဝဲလာသည်။ တဖန် ရုတ်တရက် ခပ်ပြင်းပြင်း ခပ်ကြမ်းကြမ်းတိုက်လာသည်။ ထို့နောက် ပြင်းရာမှ ညင်းသွဲ့ခြင်းဆီသို့ ရုတ်ခြည်းပြောင်းသွားသည်။ သို့သော် မိုးကတော့ အဆက်မပြတ် သည်းကြီးမည်းကြီး ရွာနေလျက်ပင်ရှိသည်။ ကျွန်တော်တွေး၍ ရင်ခုန်နေမိသည်။ မိုးစက်မိုးပေါက်များ၏ ကျယ်လောင်သောအသံများက ကျွန်တော့်ရင်ထဲက ရင်ခုန်သံများကို မထိုးဖောက်နိုင်ပေ။ နောက်တစ်ရက်ကူးသည်နှင့် ညီမလေးဖြေဆိုထားသော ၁၂ တန်းစာမေးပွဲ အောင်စာရင်းကို သိရတော့မည် ဖြစ်သည်။ အောင်ပါစေ ဟူ၍လည်း ကျိတ်ဆုတောင်း၍ ညီမလေး၏ ဘော်ဒါအုပ်ဆရာကြီးထံသို့ဖုန်းဆက်မေးရန် တစ်နာရီအထိုးကို နာရီနှိုးစက်သံပေး၍ အချိန်ကို စောင့်ဆိုင်းကာ မျှော်နေမိသည်။ အမေကလည်း ဘုရားစင်တွင် အောင်သပြေပန်းများနှင့် ရွှက်လှပန်းများကို ဝေဝေဆာဆာ ကပ်လှူ၍ ဘုရားရှိခိုးနေလေသည်။ အမေရဲ့ ဘုရားရှိခိုးသံများသည် ခါတိုင်းနေ့များထက်ပင် ပို၍ကျယ်လောင်နေသည်။ စောစောအိပ်ရာဝင်သွားသော ကာယကံရှင်ဖြစ်သူ ညီမလေးလည်း ရင်ခုန်စိတ်လှုပ်ရှားဖြစ်နေမည်မှာ အသေအချာပင် ဖြစ်သည်။ ကျွန်တော်တို့လိုပင် ၁၂တန်းဖြေဆိုထားကြသော ကျောင်းသား၊ ကျောင်းသူများ၏ မိသားစုဝင်များလည်း ရင်ခုန်စိတ်လှုပ်ရှားနေကြမည်မှာ မလွဲမသွေပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၁၂တန်း စာမေးပွဲသည် ဘဝတစ်ဆစ်ချိုးစာမေးပွဲဖြစ်သည်ဟု ယူဆထားကြသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ကျောင်းသားအရွယ်က ဘဝတစ်ဆစ်ချိုးစာမေးပွဲသည် ၁၀တန်းစာမေးပွဲ ဖြစ်သည်။ ယခုတွင် ၁၂တန်းအဖြစ်သို့ ပြောင်းလဲသွားသည်။ ကျွန်တော်တို့ကျေးလက်တွင်လည်း ၁၂တန်းမအောင်လျှင် လူရာမဝင်ဘူးဟု လူတိုင်းနှုတ်ဖျားက ရေရွတ်ပြောဆိုနေကြသည်။ ထို့ကြောင့် သားသမီးများကို ကျောင်းထားကာ ပညာသင်ကြားစေရုံသာမကပဲ ငွေကြေးအမြောက်အမြားကို အကုန်အကျခံကာ မိမိတို့တတ်နိုင်သည့် ကျူရှင်များထားကြသည်။ အောင်စာရင်း ထွက်သည့်နေ့ကလည်း အောင်မြင်ကြသူများအတွက် ပျော်ရွှင်ဖွယ်ကောင်းသော နေ့လေးဖြစ်ကြသလို ကျရှုံးသူများအတွက်မူ စိတ်ပျက်အားငယ်ကာ သောကပင်လယ်ဝေကြရသော နေ့ပင်ဖြစ်ကြသည်။ ထို့ပြင် မိဘ ညီအစ်ကို မောင်နှမများ၏ ဆူပူကြိမ်းမောင်းမှုများကိုပင် ခံကြရသည်။ အချို့က ၁၂တန်းစာမေးပွဲ ကျရှုံးမှုကြောင့် ရှက်၍တစ်ပတ်လောက်ထိ အိမ်အပြင် မထွက်ရဲကြပေ။ ၁၂တန်းစာမေးပွဲ၏ အအောင်အရှုံးရလဒ်များသည် ကျောင်းသား၊ ကျောင်းသူများနှင့် သူတို့၏မိသားစုဝင်များအပေါ် ထိုမျှထိ သက်ရောက်မှုများက ကြီးမားလှပါသည်။ ကျွန်တော် အတွေးလွန်နေသည်မှာ မည်မျှပင်ကြာသွားသည်မသိ။ ဟမ်းဖုန်းမှ နာရီနှိုးစက် မြည်သံကြားမှ အတွေးနယ်ပယ်မှလန့်နိုးလာသည်။ အမေနှင့် ညီမလေးကလည်း ကျွန်တော့်အနားသို့ ချက်ချင်းရောက်လာကြသည်။ ကျွန်တော် အသံမြည်နေသော ဖုန်းကို ကမန်းကတန်းကောက်ကိုင်၍ ဖုန်းဆက်လိုက်သည်။ သို့သော် ဖုန်းကလူကြီးမင်းနှင့် တိုးနေလေသည်။ နောက်တစ်ခါ ဆက်ခေါ်လိုက်မှ ဖုန်းဝင်သွားလေသည်။

"ဟဲလို ဆရာကြီးဦးစိုးလင်းလားခင်ဗျ"

"ဟုတ်ပါတယ်ခင်ဗျ"

"နှင်းစံပယ်ဖူးရဲ့ အောင်စာရင်းလေးသိချင်လို့ပါခင်ဗျ"

"ဟုတ်ကဲ့ နှင်းစံပယ်ဖူး နာမည်လေးရှာမတွေ့သေးဘူးဖြစ်နေလို့ ရှာတွေ့တာနဲ့ ဖုန်းပြန်ဆက်ပေးပါ့မယ်"

"ဟုတ်၊ ဟုတ်ကဲ့ပါ" ဟုပြော၍ ကျွန်တော်လေးလံနှေးကွေးစွာ ဖုန်းချလိုက်သည်။

"ကဲ ညီမလေးလဲ အိပ်တော့ အမေလဲအိပ်တော့။ ဆရာကြီးဖုန်းဆက်မှ ကျွန်တော်ပြန်ပြောပေးမယ်။ ညဉ့်နက်နေပြီ အိပ်ကြတော့"

(၂)

ညီမလေးမျက်နှာ မကောင်းပေ။ ညီမလေးမျက်ဝန်းထဲတွင် မျက်ရည်စတွေ ရစ်ဝဲနေသည်။ ကျွန်တော်လည်း အလိုလိုဝမ်းနည်းလာသည်။ စိတ်ထဲတွင်လည်း အလိုမကျစိတ်များ ကြီးစိုးလာသည်။ ကျွန်တော်သိလိုက်ပါသည်။ ခုံအမှတ်နှင့် နာမည်တွဲရေးထားသည်ကို ရှာမတွေ့သေးဘူးဟူသော ပြောစကားသည် ညီမလေးစာမေးပွဲ မအောင်ဘူးဟုပြောလိုက်ခြင်းပင်ဖြစ်သည်ဟု တွေးလိုက်မိသည်။ သို့သော် ထိုအတွေးကို ချက်ချင်းဖျောက်ကာ "လွဲပါစေ၊ ဖယ်ပါစေ"ဟု ဆုတောင်းလိုက်သည်။ မိုးသံလေသံများစဲသွားကာ တိတ်ဆိတ်နေသောညက ကျွန်တော့်အတွက်တော့ ချောက်ချားမှုအပြည့်ပင်။ အိပ်စက်လို့ မရပေ။ ရင်ထဲတွင် အလိုမကျစိတ်များက မင်းမူလျက်ပင်ရှိသည်။ ဒေါသလည်း ထွက်မိသည်။ ကျွန်တော့်လို ပညာရေးတစ်ပိုင်းတစ်စဖြင့် ဆင်းဆင်းရဲရဲလုပ်ကိုင်စားသောက်နေရမှာ စိုးရိမ်သောကြောင့် မရှိမဲ့ရှိမဲ့ကြားက ကျောင်းထားပေးခဲ့ရသည်။ တောင်သူလုပ်ငန်းမှ ရသမျှငွေများဖြင့် အများနည်းတူ ဘော်ဒါထားပေးခဲ့ရသည်။ သို့သော် ရလဒ်က ဘာမှန်းမသိ။ စိုးရိမ်နေမိသည်။ ကျွန်တော် မျက်စိကို အချိန်ကြာကြာမှိတ်ကာ အိပ်ပစ်လိုက်သည်။ သို့သော်လည်း အိပ်မပျော်ပေ။ အိပ်ရာထဲ ဟိုဘက်လှိမ့်၊ သည်ဘက်လှိမ့် လှိမ့်ကာ အိပ်မရသည့်အဆုံး ကျွန်တော်၁၀တန်းတက်စဉ်က အကြောင်းများကို တွေးနေမိသည်။

ကျွန်တော်တို့တုန်းက သူငယ်တန်းမှ ၁၀တန်းထိသာတက်ရသည်။ ဆယ်တန်းအောင်လျှင် အမှတ်စာရင်းကိုကြည့်၍ မိမိအမှတ်မှီရာ၊ ဝါသနာပါရာ တက္ကသိုလ်တစ်ခုခုကို တက်ခွင့်ရကြသည်။ ၁၀တန်းစာမေးပွဲသည် ဘဝတစ်ဆစ်ချိုးစာမေးပွဲပင် ဖြစ်သည်။ ကျွန်တော်လည်း လူအများကသတ်မှတ်ထားကြသော ဘဝတစ်ဆစ်ချိုးဟူသော ၁၀တန်းစာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သူမဟုတ်။ ကျရှုံးခဲ့ဖူးသည်။ ထို့ကြောင့် ၁၀တန်းစာမေးပွဲ ကျရှုံးရသော ခံစားချက်ကို ကောင်းကောင်းသိသည်။ ကျရှုံးသူများကိုလည်း ကိုယ်ချင်းစာမိသည်။ ထိုကဲ့သို့ ဟိုတွေး၊ သည်တွေး တွေးတော၍ အတွေးနယ်ထဲတွင် ရစ်ဝဲ၍ ခြေဆန့်နေမိတော့သည်။

(၃)

"မင်း စာမေးပွဲကျပြီမဟုတ်လား။ အေး ဘာမှအသုံးမကျတဲ့ကောင်။ မင်း မနက်ဖြန်ကစပြီး တောထဲထွက် ငါနဲ့အတူ တောင်သူလုပ်ပေါ့ကွာ။ အဖေ့၏ ပြောစကားများကို နားထောင်၍ ကျွန်တော်အလိုလိုဝမ်းနည်းလာသည်။ မျက်ဝန်းမှလည်း မျက်ရည်များက အတားအဆီးမရှိ သူ့အလိုလို ကျဆင်းလာသည်။

"ဟော့ကောင် ဘာအခုမှ အရည်ထွက်နေတာတုံး။ စာကျတော့ မကြိုးစားခဲ့ဘဲနဲ့ အခုမှလာငိုပြနေတာ။ မလိုချင်ဘူး။ မင်း တောင်သူလုပ်ရမယ်။ သူများ သားသမီးတွေ တော်လိုက်ကြတာကွာ။ ဟိုဘက်အိမ်က သီတာမိုး ဆိုရင် ဘော်ဒါကနေ အိမ်ကိုအလည်ပြန်လာတာတောင် စာတအားကျက်တာ။ မင်းကို ကျက်ပါကျက်ပါပြောတော့ ရပြီးသား ရပြီးသားနဲ့ အခုကျပြီမဟုတ်လား"ဟု ပြောဆိုကာ အဖေ ကျွန်တော့်ကို စိတ်ဆိုးဒေါသထွက်နေသော မျက်လုံးများဖြင့် စူးစူးနစ်နစ် စိုက်ကြည့်၍ ကျွန်တော့်အနားမှ ထွက်သွားလေသည်။

အဖေ၏ပြောစကားများကို နားထောင်၍ စီးကျလာသောမျက်ရည်များကို လက်ဖြင့်သုတ်လိုက်သည်။ အမေက ဘာမှမပြောပေ။ စိတ်ဆိုးဝမ်းနည်းသော မျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေလေသည်။ ကျွန်တော် ရှက်မိသည်။ အပြင်လည်း မထွက်ချင်။ သူငယ်ချင်းများနှင့်လည်း မတွေ့ချင်ပေ။ စာမေးပွဲအောင်မြင်သွားကြသော သူများ၏နာမည်ကိုပင် မကြားချင်၊ မုန်းတီးစိတ်များပင် ဝင်ရောက်လာသည်။ ဆိုးရွားလှသော သည်ခံစားချက်ကြီးကြောင့် အစာစားချင်စိတ်များပျောက်ကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ချင်စိတ်ပါ ဝင်ရောက်လာသည်။

"ကဲ ငိုမနေနဲ့တော့။ လာ အမေတို့ထမင်းစားရအောင်"

"သား ဗိုက်မဆာဘူးအမေ" ဟု ကျွန်တော်ငြင်းလိုက်သည်။

"ငါ့သားရယ်" ဟုရေရွတ်ကာ အမေ့အသံတိတ်သွားသည်။ ခဏကြာမှ အမေက-

"ဒီမှာ ငါ့သား။ စာမေးပွဲကျရှုံးတာနဲ့ ငါ့သား ဘာမှအားငယ်စရာ စိတ်ဆင်းရဲစရာမလိုဘူးလေ။ ပြန်ကြိုးစားရမှာပေါ့။ ငါ့သားကို အမေကျောင်းပြန်ထားမှာ။ ငါ့သားအဖေကိုလည်း အမေပြောပြထားပြီးသား။ အမေတို့ ငွေရှာရလို့ ပင်ပန်းပြီးသေရင်သေသွားပါစေ၊ ငါ့သားကို ပညာတတ်ကြီးအဖြစ်နဲ့ပဲ မြင်ချင်တယ် ငါ့သားရယ်"

အမေ၏ဆုံးမစကားများကို နားထောင်၍ မျက်ဝန်းမှစီးကျလာသော မျက်ရည်များကို လက်ဖြင့်ပင့်သုတ်ကာ အမေ့ရှေ့သို့ ဒူးတုပ်ကာ လက်အုပ်ချီ၍ ကန်တော့လိုက်သည်။ နှုတ်ကလည်း-

"အမေရယ် သားမှားခဲ့ပါတယ်။ သားပြန်ပြီးကြိုးစားပါ့မယ်။ အမေတို့ဖြစ်စေချင်တဲ့ ပညာတတ်ကြီးဖြစ်အောင် သားကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် အမေရယ်"ဟု ကျွန်တော် ကတိတွေပေးလိုက်သည်။

(၄)

ဘယ်ကဘယ်လို စီးကျလာမှန်းမသိသော မျက်ရည်များကို သုတ်လိုက်၍ အတွေးများကို ရပ်တန့်ပစ်လိုက်သည်။ မနက်လင်းနေပြီ ဖြစ်သောကြောင့် ဘော်ဒါအုပ်ဆရာကြီးထံ ထပ်မံ၍ ဖုန်းဆက်မေးလိုက်သည်။ သို့သော် အောင်စာရင်းတွင် ညီမလေးနာမည်ပါမလာဘူးဟူသော အဖြေကလွဲ၍ ဘာမှထူးခြားမှုမရှိပေ။ မနက် ခုနစ်နာရီထိုးသည်ထိ ညီမလေး အိပ်ရာက မထသောကြောင့် ညီမလေး၏ အခန်းထရံကို ပုတ်၍ နှိုးလိုက်သည်။ သို့သော် ညီမလေးဆီက ဘာတုံ့ပြန်သံမှ မကြားရ။ ထပ်၍ ထရံကိုပုတ်နှိုးလိုက်သည်။ သို့သော် ဘာသံမှ မကြားရပေ။ ကျွန်တော် အရမ်းစိတ်ပူသွားသည်။ ရင်ဘတ်တစ်ခုလုံး တုန်လှုပ်သွားသည်။ ညီမလေးတစ်ယောက် မလုပ်သင့်မလုပ်ထိုက်သော လုပ်ရပ်ကို လုပ်ပစ်မှာ စိုးရိမ်လာသည်။ ကျွန်တော်လည်း စိတ်ပူဒေါသထွက်ကာ အနောက်ခန်းထရံကို တဒုန်းဒုန်းမြည်အောင် တအားပုတ်၍ အော်နှိုးလိုက်မှ ညီမလေးထံမှ တရှုပ်ရှုပ်ငိုရှိုက်သံများ ထွက်ပေါ်လာသည်။ ညီမလေးအသံကြားမှ ကျွန်တော် စိတ်သက်သာရာ ရသွားသည်။ ကျွန်တော့် ဒေါသများကို ချုပ်တည်း၍ အိပ်ခန်းအပြင်ဘက် ထွက်လာသော ညီမလေးကို အပြုံးနှင့်ဆီးကြိုလိုက်သည်။

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၂၉ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၅၉၂ကေထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၀၀၀၀ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၇၂ ကေ၊ ကနီမြို့နယ်တွင် ကေ ၂၃၈၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၂၅၂ ကေနှင့် ပုလဲမြို့နယ်တွင် ၆၈ ကေ စုစုပေါင်း ၂၄၅၉၂ကေတို့ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၀၉၆ ကေ၊ ကနီမြို့နယ်တွင် ကေ ၂၉၃၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၅ ကေနှင့် ပုလဲမြို့နယ်တွင် ၆၈ကေ စုစုပေါင်း ၃၃၃၂၉ကေတို့ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲ စိုက်ပျိုးရာသီ၌ တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြေပဲစိုက် တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါ ကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။ (၂၀၆)

# ရွှေတောင်မြို့နယ် တောဇီးကုန်းကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ယင်းမာပင် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၁၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးခင်ဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောဇီးကုန်းကျေးရွာ၌ မြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဦးခင်ဇော်က ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောဇီးကုန်းကျေးရွာ၌ အရှည် ၁၇၄၅ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ကျပ်သိန်း ၉၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၁၂ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးခင်ဇော်ထံမှ သိရသည်။

**နော်လူး**

➤ စာမျက်နှာ ၂၄ မှအဆက်

"ညီမလေး လာ အစ်ကိုကြီးနား ခဏထိုင်အုံး"

ကြောက်ကြောက်လန့်လန့်ဖြင့် ကျွန်တော့်အနားရောက်လာသော ညီမလေးကိုကြည့်၍ သနားမိသည်။

"ညီမလေးရယ် ဘာလို့ဝမ်းနည်းပြီး ငိုနေရတာလဲ။ စာမေးပွဲကျတာပဲ ကိုယ်မဖြေနိုင်လို့ ကျတာလေ။ ဘာငိုစရာရှိလဲ ညီမလေးရယ်။ လူတစ်ယောက်မှာ ထူးချွန်တဲ့အရည်အချင်းတစ်ခုကတော့ ရှိကြတယ်။ စာမတော်တဲ့သူက အားကစားမှာ ထူးချွန်တယ်။ အားကစားမှာ မထူးချွန်တဲ့သူက စာပေ၊ အနုပညာဘက်မှာ ထူးချွန်တယ်။ ညီမလေးက ကျောင်းစာမေးပွဲမှာသာ ကျရှုံးတာ၊ ပန်းချီဆွဲတာ တအားတော်တယ်လေ။ ပြီးတော့ ညီမလေးက လူကြီးမိဘစကား နားထောင်တဲ့ လိမ္မာယဉ်ကျေးတဲ့သူလေ။ ညီမလေးရယ် စာမေးပွဲကျတာ ရှက်စရာ၊ ငိုစရာမဟုတ်ဘူးလေ။ ကျရှုံးတာလေ ညီမလေးရဲ့။ ကျဆုံးတာမှ မဟုတ်တာ။ ညီမလေးမှာ ပြန်ကြိုးစားဖြေဆိုခွင့်ရှိတယ်။ ညီမလေး ဝါသနာပါတဲ့ ပန်းချီဆရာမတစ်ယောက်ဖြစ်ဖို့ ၁၂တန်းစာမေးပွဲတော့ အောင်မှဖြစ်မယ်။ အစ်ကိုကြီးက ညီမလေးကို ၁၂တန်းပြန်ထားမှာ။ ပြန်ကြိုးစားလိုက်စမ်းပါ ညီမလေးရယ်။ ငါ့ညီမလေး လုပ်နိုင်တယ်ဆိုတာ အစ်ကိုကြီးက ယုံကြည်ပြီးသားပါ။ ဝမ်းနည်းငိုကြွေးနေလို့လည်း စိတ်ဆင်းရဲရုံကလွဲပြီး ဘာမှထူးလာမှာ မဟုတ်ဘူး။ ငါ ဘာလို့ စာမေးပွဲကျတာလဲ။ ငါဘယ်ဘာသာမှာ အားနည်းတာလဲဆိုတာ သုံးသပ်ပြီး လာမဲ့နှစ်မှာ အကောင်းဆုံး ပြင်ဆင်ပြီး ကြိုးစားလိုက်စမ်းပါ ငါ့ညီမလေးရယ်"

ကျွန်တော့်စကားဆုံးတော့ ညီမလေးထံမှ-

"ဟုတ်ကဲ့ပါ အစ်ကိုကြီး ညီမလေး ကျောင်းပြန်တက်မယ်။ ညီမလေး စာမေးပွဲအောင်မြင်အောင် ကြိုးစားမယ်" ဟု မျက်ရည်ကြားမှ ထွက်လာသော ညီမလေးစကားများကို နားထောင်၍ သဘောကျကာအိမ်အပြင်ဘက်သို့ ထွက်ခဲ့လိုက်သည်။

ညက လေကြီးမိုးကြီးများ သည်းသည်းမည်းမည်း ရွာချထားသောကြောင့် အိမ်အပြင်ဘက်တွင် အေးစိမ့်နေသော လေနုအေးလေးများ တဝေ့ဝေ့ တိုက်ခတ်နေသည်။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံး သစ်လွင်စိမ်းစိုလှပနေပါတော့သည်။

## ပန်းတိုင် သို့

\- လူမှန်ရင် ပန်းတိုင်တစ်ခု
စိုက်ထူယခု ကြိုးစားပါ၊
ဒုက္ခဆို အခက်အခဲများ
ကျော်လွှားအစဉ်သာ၊
ဇွဲလုံ့လ ဝီရိယဟာ
မိတ်ဆွေပမာ အားကိုးရ၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လျှောက်လှမ်းအတူတကွ။

\- ကျရှုံးသော် စိတ်ဓာတ်မကျနဲ့
နှစ်ဆပွား လုပ်ဆောင်၊
အမှားကို ပြန်စိစစ်
ထပ်မဖြစ်ရအောင်၊
ပျင်းရိခြင်း ကြိုတင်ရှောင်
အောင်စိတ်ကို ရှေ့ဝယ်ထား၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လျှောက်လှမ်းကြိုးစား။

\- ကြိုးစားချိန် ရိုးသား
နိုးကြားလို့ လုပ်ငန်းဝင်၊
အရာရာ သည်းခံစိတ်
ထိပ်တန်းမှာတင်၊
လုပ်ငန်း၌ ပျော်ပျော်ရွှင်
အောင်မြင်သူ ဖြစ်ဖို့တွေး၊
ပန်းတိုင်သည် လက်တစ်ကမ်းမို့
အောင်ပန်း မဝေး။ ။

**ချစ်သက်(မြန်မာစာ)**

# ဘားအံမြို့နယ် မူတခွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ပွဲ ကျင်းပ

**ဘားအံ ဇူလိုင် ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မူတခွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မူတခွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# တရားစောင့်သောသူ

ဗညားကျွန်းထော

**"အကြင်သူသည် တရားကိုစောင့်၏။**
**ထိုသူအား တရားက ပြန်၍စောင့်ရှောက်၏။**
**ဓမ္မောဟဝေ ရက္ခတိဓမ္မစာရီ။"**

**ယောအတွင်းဝန်ဦးဖိုးလှိုင်**
**(ရာဇဓမ္မသင်္ဂဟကျမ်း၌ ကိုးကားချက်)**

သဒိသံပါကံဇနေတိ အစရှိသဖြင့် မြတ်စွာဘုရား သခင်ဟောကြားချက်ဟာလည်း ဒီသဘောပါပဲ။ ဘယ်သူမဆို ကောင်းမှုပြုပါက ကောင်းကျိုးမုချရပါတယ်။ မကောင်းမှုလုပ်ပါက မကောင်းကျိုးကို အနှေးနဲ့အမြန်သာ ကွာခြားမယ်၊ မလွဲမသွေကိုယ်ပြုတဲ့ကံနဲ့ လျော်ညီစွာ ပြန်လည်ခံစားရမှာပါပဲ။

ကောင်းမှုဆိုတာဘာလဲ။ သူတစ်ပါးကိုဖြစ်စေ၊ လူအများကိုဖြစ်စေ၊ မိမိကိုယ်တိုင်ဖြစ်စေ ဆိုးကျိုး၊ မကောင်းကျိုးမဖြစ်ပေါ် စေသောအပြစ်ကင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံပါပဲ။ အပြင်ကအမြင်အရတော့ ကိုယ်ကာယနဲ့ ကျူးလွန်တဲ့အပြုအမူက အထင်ရှားဆုံး၊ အပြင်းထန်ဆုံး၊ အထိရောက်ဆုံး သက်ရောက်မှုမျိုးမို့ အဆိုးဆုံးလို့ ထင်မြင်ယူဆစရာဖြစ်ပေမဲ့ တကယ်တမ်းတော့ ကာယကံ၊ ဝစီကံတို့ စတင်ဖြစ်ပေါ်ရာ မနောကံ သဘောကြံစည်စိတ်ကူးမှု၊ တွေးတောကြံရွယ်မှုတွေက ပိုပြီအပြစ်ကြီးလေးတယ်။

ကောင်းတာလုပ်လည်း ကောင်းကျိုးမရပါဘူးကွာ၊ သူတစ်ပါးကိုဝင်ပြီး ကူညီလိုက်ကာမှ မတော်တဆ ဆိုင်ကယ်မှောက်လို့ လက်ကျိုးရတဲ့ဖြစ်ရပ်ကိုကြည့်လိုက်လေဆိုတာမျိုး ဆက်စပ်ကောက်ယူတဲ့ လွဲမှားမှုလည်းရှိတတ်ပါရဲ့ သူတစ်ပါးကို စိတ်ကောင်းစေတနာနဲ့ ကူညီမှုကတော့ စေတနာအကျိုးပေးမှာ သေချာပါတယ်။ အနှေးနဲ့အမြန်ပါ။ ဆိုင်ကယ်မှောက်လို့ လက်ကျိုးတယ်ဆိုတာကတော့ လတ်တလော လမ်းမကောင်းတာရယ်၊ တစ်ဖက် ကားတစ်စီးက အရှိန်များလွန်းပြီး ကိုယ့်ဆီတည့်တည့်တိုက်တော့မလို ဝင်လာလို့ ရှောင်လိုက်ရတာရယ်၊ မရည်ရွယ်မမျှော်လင့်ဘဲ ဖြစ်ရတာပါ။ သူတစ်ပါးကို ကူညီလို့ လက်ကျိုးရတာတော့မဟုတ်ပါ။

သို့သော် ကောင်းမှုပြုနေရင်း စိတ်ဆင်းရဲစရာကြုံခြင်း၊ မကောင်းမှုဒုစရိုက်တွေလုပ်နေပေမဲ့ စည်းစိမ်ဥစ္စာတွေ တိုးပွားချမ်းသာနေခြင်းဆိုတဲ့ ပြောင်းပြန်အကျိုးသက်ရောက်နေပုံတွေလည်း တွေ့မြင်ရတတ်ပါသေးတယ်။

နွားသတ်တဲ့လူက စီးပွားဖြစ်နေပြီး ကောင်းကောင်းမွန်မွန် လယ်ယာထွန်ယက်စိုက်ပျိုးသူမှာတော့ ပင်ပန်းသလောက်မကြီးပွားပါ စသဖြင့် နှိုင်းယှဉ်တွေ့မြင်ရတာတွေကြောင့် ကံကံရဲ့အကျိုးဆိုတာ မယုံချင်ကြဘူး။

ခပ်ပေါ့ပေါ့တွေးတောပြောဆိုတာ၊ မဆင်မခြင်ယုံလွယ်တာ၊ စိတ်ကူးပေါ်ရာ ထင်မိတာ၊ သေသေချာချာမစူးစမ်းဘဲ မစဉ်းမစားမှတ်ယူတာမျိုးတွေကြောင့် မသိမှု၊ မိုက်မှားမှု ဝဲဩဃထဲ လှည့်လည်နစ်မွန်းနေကြရသူတွေ များပြားလှပေတယ်။

မှန်ကန်တဲ့၊ အကြောင်းအကျိုး ညီညွတ်တဲ့၊ သိရသမျှ အကျိုးရှိတဲ့ အချက်အလက်တချို့ကို စာရေးဆရာကြီး ဒဂုန်ဦးထွန်းမြင့်ရေးသားခဲ့တဲ့ စာအုပ်ထဲမှ ကဗျာလေးများကို အခြေခံကောက်နုတ်ပြီး ထပ်ဆင့်ဖော်ပြပါရစေ။ ဒီကဗျာလေးတွေကို ဆရာကြီးက ၁၉၅၀ ပြည့်နှစ်က ရေးသီကုံးခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်မှာ **"ကံနဲ့ ကံရဲ့အကျိုးပေးပုံ"**ကို နားလည်လွယ်အောင် လယ်တီဆရာတော်ရဲ့ ဥတ္တမပူရိသ ဒီပနီ၊ ကျီးသဲလေးထပ်ဆရာတော်ရဲ့ မနောရထပူရဏီ စတဲ့ ကျမ်းများကို သေချာစွာ ဖတ်ရှုပြီး လူငယ်တွေနားလည်လွယ်အောင်ရေးခဲ့တယ်။ နှစ်ပေါင်း ၆၀၊ ၇၀ ကြာပေမဲ့ မဟောင်းနွမ်းပါဘူး။ ကောင်းမွန်နေတုန်းပဲ။

**၁။ ကောင်းတာ မကောင်းတာနှစ်ရကွဲအောင်ပိုင်း**
**ဖြတ်ဝေဖဲ သိပါလေ၊**
**အပြစ်ကင်းသည်ဆိုတာမျိုးနှင့်**
**ကောင်းကျိုးဆောင်က အကောင်းပေ။**
**မပြစ်ရှိသည်ဆိုတာမျိုးနှင့် မကောင်းကျိုး**
**ဆောင်က မကောင်းပေ။**
**ကိုယ်ဖြင့်လုပ်သော နှုတ်အပြောမနောအကြံ**
**တွေ၊ လမ်းမှန်တဲ့ဗုဒ္ဓဝါဒ ဒါကအခြေခံပေ။**

ဒီအလုပ်ဟာ ကောင်းသလား၊ မကောင်းဘူးလားလို့ ခွဲခြားသိဖို့လိုတယ်။ ကောင်းတယ်၊ မကောင်းဘူးဆိုတာက အပြစ်ကင်းပြီး ကောင်းကျိုးပေးတဲ့ အလုပ်မျိုးကို ကောင်းတယ်လို့ဆိုရတယ်။ အပြစ်မကင်းဘဲ မကောင်းကျိုးပေးတဲ့ အလုပ်မျိုးကို မကောင်းဘူးလို့ ဆိုရတယ်။

အပြစ်ကင်း၊ မကင်းဆိုတဲ့ စကားမှာလည်း အပြစ်ဆိုတာ အကြမ်းအားဖြင့် သူတစ်ပါးကို ထိခိုက်တာကို အပြစ်လို့ဆိုရတယ်။ သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်မှု၊ သူများပစ္စည်းခိုးမှု၊ သူများသားမယားဖျက်ဆီးမှု၊ လိမ်လည်မှု၊ ဆဲရေးမှု၊ ကုန်းတိုက်မှု စသည်တို့ဟာ သူတစ်ပါးကို ထိခိုက်တဲ့ အပြစ်တွေပဲ။

ကောင်းကျိုး၊ မကောင်းကျိုးဆိုတာကတော့ ချမ်းချမ်းသာသာ ခံစားရတာကို ကောင်းကျိုး၊ ဆင်းဆင်းရဲရဲ ခံစားရတာကို မကောင်းကျိုးလို့ခေါ်တယ်။

❖ ကိုယ်ပြုတဲ့အမှုဟာ သူတစ်ပါးကို ထိခိုက်သလား၊မထိခိုက်ဘူးလား။ ဒီလိုပြုလုပ်တဲ့အတွက် ချမ်းချမ်းသာသာခံစားရတဲ့ကောင်းကျိုးပေါ်မလား၊ ဆင်းဆင်းရဲရဲခံစားရတဲ့ မကောင်းကျိုးပေါ်မလားဆိုတာကို ဝေဖန်ဖို့လိုတယ်။ ကိုယ်ပြုတဲ့အမှုဟာ သူတစ်ပါးကိုလည်း မထိခိုက်ဘူး။ ချမ်းချမ်းသာသာ ခံစားရတဲ့ ကောင်းကျိုးကိုလည်း ဆောင်မယ်ဆိုရင် ကောင်းတဲ့အမှုလို့ ဆိုရတယ်။ ကိုယ်ပြုတဲ့အမှုဟာ သူတစ်ပါးကိုလည်း ထိခိုက်မယ်။ ဆင်းဆင်းရဲရဲခံစားရတဲ့ မကောင်းကျိုးကိုလည်းဆောင်မယ်ဆိုရင် မကောင်းတဲ့အမှုလို့ဆိုရတယ်။ ❖

ကိုယ်ပြုတဲ့အမှုဟာ သူတစ်ပါးကို ထိခိုက်သလား၊ မထိခိုက်ဘူးလား။ ဒီလိုပြုလုပ်တဲ့အတွက် ချမ်းချမ်းသာသာခံစားရတဲ့ကောင်းကျိုးပေါ်မလား၊ ဆင်းဆင်းရဲရဲခံစားရတဲ့ မကောင်းကျိုးပေါ်မလားဆိုတာကို ဝေဖန်ဖို့လိုတယ်။ ကိုယ်ပြုတဲ့အမှုဟာ သူတစ်ပါးကိုလည်း မထိခိုက်ဘူး။ ချမ်းချမ်းသာသာ ခံစားရတဲ့ ကောင်းကျိုးကိုလည်း ဆောင်မယ်ဆိုရင် ကောင်းတဲ့အမှုလို့ ဆိုရတယ်။ ကိုယ်ပြုတဲ့အမှုဟာ သူတစ်ပါးကိုလည်း ထိခိုက်မယ်။ ဆင်းဆင်းရဲရဲခံစားရတဲ့ မကောင်းကျိုးကိုလည်းဆောင်မယ်ဆိုရင် မကောင်းတဲ့အမှုလို့ဆိုရတယ်။ ဒါဟာ ဗုဒ္ဓဘာသာမှာ အခြေခံပါပဲ။

ကောင်းတဲ့အမှုလား မကောင်းတဲ့အမှုလားလို့ ခွဲခြားဝေဖန်ရာမှာ အပြစ်ကင်းသလား၊ မကင်းဘူးလား၊ ကောင်းကျိုးကိုပေးသလား၊ မကောင်းကျိုးကို ပေးသလားဆိုတဲ့ အင်္ဂါရပ်နှစ်ခုနှင့် ဝေဖန်ရပါတယ်။ အပြစ်ကင်းပေမဲ့ ကောင်းကျိုးကို မပေးဘူးဆိုလျှင် (ဘာသာရေးအရ) ကောင်းတဲ့အမှုလို့ မဆိုနိုင်ဘူး။ တရားသဖြင့် ကုန်သွယ်တဲ့အလုပ်၊ လယ်ထွန်တဲ့အလုပ်၊ ကူလီအလုပ်၊ လက်သမားအလုပ်၊ စာရေးစာချီအလုပ် စသည်ဖြင့် ရိုးရိုးသားသား တရားသဖြင့် လုပ်ကြတဲ့ အလုပ်တွေဟာ သူတစ်ပါးကို မထိခိုက်တဲ့ အတွက် အပြစ်ကင်းတဲ့အလုပ်တွေဖြစ်တယ်။ ဒါပေမဲ့ ကောင်းကျိုးကို ပေးတယ်လို့တော့ မဆိုနိုင်ဘူး။ ကုန်သွယ်လို့အမြတ်ရတာ၊ လယ်ထွန်လို့စပါးရတာ၊ ကူလီလုပ်လို့ လုပ်အားခရတာတွေဟာ အလုပ်ကဖြစ်ပေါ်လာတဲ့ အကျိုးကျေးဇူးတွေသာဖြစ်တယ်။ လုပ်တဲ့သူ၏ စိတ်စေတနာကြောင့် ခံစားရတဲ့အကျိုးမဟုတ်ဘူး။

ဒီနေရာမှာ အလုပ်နဲ့ပြုလုပ်မှုကို ခွဲခြားနားလည်ဖို့လိုတယ်။ လယ်ထွန်တဲ့အလုပ်၊ ကုန်သွယ်တဲ့ အလုပ်၊ လယ်သမားအလုပ်၊ ကူလီအလုပ်၊ စာရေးစာချီ အလုပ်ဆိုတာတွေက အလုပ်တွေဖြစ်တယ်။ ထို့အတူ တံငါအလုပ်၊ မုဆိုးအလုပ်၊ ကြက်ဝက်မွေးတဲ့အလုပ် စသည်တို့လည်း အလုပ်တွေပဲဖြစ်တယ်။ လယ်လုပ်လျှင် စပါးရတယ်။ ကုန်သွယ်ရင် အမြတ်ရတယ်။ တံငါလုပ်ရင် ပိုက်ဆံရတယ်။ ဒီလိုအလုပ်လုပ်လို့ရတာကို အလုပ်ရဲ့ အကျိုးလို့ဆိုချင်ဆိုနိုင်ပါတယ်။ ဒီအလုပ်ကို ပြုလုပ်တာဟာ ကောင်းသလား မကောင်းဘူးလားဆိုတာကို စဉ်းစားရမယ်။ အပြစ်ကင်းပြီး ကောင်းကျိုးကို ပေးတယ်ဆိုရင် ကောင်းတယ်၊ အပြစ်မကင်းဘဲ မကောင်းကျိုးကို ပေးတယ်ဆိုရင် မကောင်းဘူးလို့ ဆိုရတယ်။ လယ်လုပ်မှု၊ ကုန်သွယ်မှု စသည်တို့ကတော့ အပြစ်ကင်းပေမဲ့ ကောင်းကျိုးကိုမပေးတဲ့အတွက် ကောင်းတဲ့အမှုမကောင်းတဲ့အမှုလို့ မဆိုနိုင်ဘူး။ တံငါလုပ်မှု မုဆိုးလုပ်မှု ကြက်ဝက်မွေးမှု စသည်တို့ကတော့ အပြစ်လည်းမကင်းဘူး။ နောင်အခါလည်း မကောင်းကျိုးကို ပေးမှာဖြစ်တဲ့အတွက် မကောင်းတဲ့ အမှုလို့ဆိုရတယ်။ တံငါအလုပ်နဲ့ စီးပွားဖြစ်နေပေမဲ့ တံငါသည် အလုပ်ဟာ မကောင်းတဲ့အမှုဖြစ်တဲ့အတွက် နောင် အခါမှာ မကောင်းကျိုးကို ပေးမှာပဲ။ တံငါအလုပ်နဲ့ စီးပွားဖြစ်တာက အလုပ်၏အကျိုးဖြစ်တယ်။ တံငါသည်လုပ်တဲ့အတွက် နောင်အခါ ငရဲကျပြီး ဆင်းရဲဒုက္ခခံရမှာက ပြုလုပ်မှု၏ အကျိုးဖြစ်တယ်။

မရိုးဖြောင့်တဲ့လူတွေ လိမ်ကောက်နေတဲ့လူတွေ ကောင်းစားနေတာ၊ မတရားနည်းနဲ့ကြီးပွားနေတာတွေဟာလည်း အလုပ်၏ အကျိုးမျှသာဖြစ်တယ်။ ပြုလုပ်မှု၏အကျိုးမဟုတ်ဘူး။ ပိုက်ဆံရဖို့အလုပ်ကို ပိုက်ဆံရတဲ့နည်းနဲ့လုပ်လျှင် ပိုက်ဆံရတာပဲ။ ဒါဟာ ကောင်းမှု၊ မကောင်းမှုနဲ့ မဆိုင်ဘူး။ အလုပ်နဲ့သာဆိုင်တယ်။ ခိုးတာတိုက်တာက ပိုပြီးပိုက်ဆံရတာပေါ့။ ခိုးလို့တိုက်လို့ရတာကို (ခိုးမှုတိုက်မှုပြုလုပ်လို့) ကောင်းကျိုးပေးတယ်လို့ မဆိုရဘူး။ ခိုးလို့တိုက်လို့ရတာပဲဖြစ်တယ်။ အဲဒီလို အလုပ်နှင့် ပြုလုပ်မှုကို ခွဲခြားပြီး အလုပ်ရဲ့အကျိုးနှင့် ပြုလုပ်မှုရဲ့အကျိုးကို ကွဲကွဲပြားပြား သိဖို့လိုတယ်။

ကောင်းကျိုးပေးတယ် ကောင်းကျိုးမပေးတယ် ဆိုတာလည်း အဆန်းမဟုတ်ပါဘူး။ သဘာဝရဲ့ တုံ့ပြန်မှုကိုဆိုတာပါပဲ။ သစ်ပင်အုပ် ခပ်ကောင်းကောင်းအနားမှာ အသံကျယ်ကျယ်အော်လိုက်လျှင် ကိုယ်အော်တဲ့ အသံအတိုင်း ပဲ့တင်သံပြန်လာတာကို တွေ့ဖူးကြုံဖူးကြပါလိမ့်မယ်။ ကိုယ်က ကိုယ့်နာမည်ကို အော်ပြီး ခေါ်လိုက်လျှင် ပဲ့တင်သံကလည်း ကိုယ့်နာမည်ကိုပဲ ခေါ်တာပဲ။ ကိုယ်က အော်ပြီးဆဲလျှင် ပဲ့တင်သံကလည်း အော်ပြီးဆဲတာပဲ။ ဒါဟာ လူတိုင်းလွယ်လွယ်နဲ့သိနိုင်တဲ့ သဘာဝ၏ တုံ့ပြန်မှုပဲ။

ဒီသဘောအတိုင်းပဲ မိမိက လူတစ်ယောက်အပေါ်မှာစေတနာကောင်းထားရင် အဲဒီလူကလည်း မိမိအပေါ်မှာ စေတနာကောင်းထားတာပဲ။ မိမိက လူတစ်ယောက်အပေါ်မှာ စေတနာဆိုးထားရင် အဲဒီလူကလည်း မိမိအပေါ် စေတနာဆိုးထားတာပဲ။ မိမိက လူတစ်ယောက်ကို ချစ်ရင် အဲဒီလူကလည်း မိမိကိုချစ်တာပဲ။ မိမိက လူတစ်ယောက်ကို မုန်းရင် အဲဒီလူကလည်း မိမိကို မုန်းတာပဲ။ မိတ်ဆွေချင်း တွေ့တဲ့အခါ ကိုယ်က ဝမ်းသာအားရ နှုတ်ဆက်ရင် သူကလည်း ဝမ်းသာအားရ နှုတ်ဆက်တာပဲ။ ရန်သူချင်းတွေ့တဲ့အခါ ကိုယ်က သူ့ကိုတိုက်ခိုက်ရင် သူကလည်း ကိုယ့်ကို ပြန်တိုက်ခိုက်တာပဲ။ စေတနာနဲ့ ပြုလုပ်မှုဆိုတာ အချည်းနှီးဖြစ်သွားတယ်လို့ မရှိဘူး။ တုံ့ပြန်မှုကိုရစမြဲပဲ။ ကိုယ်ပြုသောအမှုက ကောင်းရင် ကောင်းသော တုံ့ပြန်မှုကိုရမယ်။ ကိုယ်ပြုတဲ့ အမှုက မကောင်းရင် မကောင်းတဲ့ တုံ့ပြန်မှုကိုရမယ်။

ဒါပေမဲ့ ပဲ့တင်သံကတော့ ကိုယ်ကအော်ပြီးတာနဲ့တစ်ပြိုင်နက် ချက်ချင်းပြန်လာတယ်။ လူတစ်ယောက်အပေါ်မှာ စေတနာကောင်းထားရင် အဲဒီလူက မိမိအပေါ်မှာ စေတနာကောင်းပြန်ထားတယ်ဆိုတာကတော့ ပဲ့တင်သံလို ချက်ချင်းမဖြစ်ဘူး။ ရက်ပိုင်း လပိုင်းကြာမှ ဖြစ်လာတတ်တယ်။ တစ်ခါတစ်ရံ နှစ်ပိုင်းလောက်ထိ ကြာချင်ကြာမယ်။ သစ်ပင် အုပ်ဆိုတာ သက်ရှိသတ္တဝါလူတွေလို အခြားကိစ္စ ဘာမျှမရှိတဲ့အတွက် ဒီကအော်လျှင် ချက်ချင်းတုံ့ပြန်တယ်။ လူတွေကတော့ အခြားကိစ္စတွေရှိနေတဲ့အတွက် ရုတ်တရက် ချက်ချင်းမတုံ့ပြန်နိုင်ဘူး။ ဒါထက်အရေးကြီးတဲ့ကိစ္စတွေ အလျင်ဦးနေတဲ့ကိစ္စတွေ ပြုလုပ်ဆောင်ရွက်ဖို့က ရှိသေးတယ်။ ဒါကြောင့် ပဲ့တင်သံလို ချက်ချင်း မတုံ့ပြန်ခြင်းဖြစ်တယ်။ ဒါပေမဲ့ တစ်ချိန်ချိန်မှာ တုံ့ပြန်မှာပဲ။ မိမိက လူတစ်ယောက်အပေါ် စေတနာကောင်းထားပြီး ရက်ပိုင်းလောက်အကြာမှာ သူက စေတနာကောင်းပြန်ထားတာကို မတွေ့ရတဲ့ အတွက် မိမိစေတနာဟာ အချည်းနှီးဖြစ်သွားပြီလို့ မဆိုနိုင်ဘူး။ တစ်ချိန်ချိန်မှာ သူက ပြန်ပြီးစေတနာ ကောင်းထားတဲ့ အဖြစ်မျိုးကို တွေ့ရမှာပဲ။

အဲဒီသဘာဝအတိုင်းပဲ ကိုယ်ပြုတဲ့အမှုဟာ ကောင်းတဲ့အမှုဖြစ်ရင် တစ်ချိန်ချိန်မှာ ကောင်းတဲ့ အကျိုးကို ခံစားရမှာပဲ။ ကိုယ်ပြုတဲ့အမှုဟာ မကောင်းတဲ့အမှုဖြစ်ရင် တစ်ချိန်ချိန်မှာ မကောင်းတဲ့အကျိုးကို ခံစားရမှာပဲ။ ဒါပေမဲ့ ပဲ့တင်သံလို ချက်ချင်းပေါ်လာမှာတော့ မဟုတ်ဘူး။ လူတစ်ယောက်အပေါ် စေတနာကောင်းထားလို့ သူ့ဆီက ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းလောက်အတွင်းမှာ စေတနာကောင်းပြန်ထားသလို ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းလောက်အတွင်းမှာ အကျိုးပေါ်ချင်မှပေါ်မယ်။ ဒါထက်ပိုပြီး ကြာချင်ကြာမယ်။ သစ်ပင်အုပ်မှာ အခြားဘာကိစ္စမှ မရှိတဲ့အတွက် ပဲ့တင်သံချက်ချင်းပြန်တယ်။ လူလူချင်းအပေါ်ထားတဲ့ စေတနာက အခြားတစ်ဖက်မှာလည်း အခြားကိစ္စတွေရှိနေတဲ့အတွက် တုံ့ပြန်မှုနည်းနည်းကြာတယ်။ ကိုယ်ပြုတဲ့အမှုကြောင့် ကိုယ့်သန္တာန်မှာပဲ အကျိုးပေါ်ရမယ့်ကိစ္စကျတော့ ရှေးက လက်လွန်ပြီးသား အမှုတွေနဲ့ ယခု မျက်မှောက်မှာ ဖြစ်ပျက်ရမယ့်ကိစ္စတွေက မရေမတွက်နိုင်အောင်များလှတဲ့အတွက် တော်တော်နဲ့ ပေါ်မလာဘဲ ရှိတတ်တယ်။ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ပေါ်လာမှာပဲ။

ကောင်းသောအမှု တစ်ခုခုကို ပြုလုပ်ထားပြီး ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းထိ ကောင်းသောအကျိုးကို မခံစားရတဲ့အတွက် ကိုယ်ပြုတဲ့ကောင်းမှုဟာ အချည်းနှီးဖြစ်သွားပြီလို့ မဆိုနိုင်ဘူး။ တစ်ချိန်ချိန်မှာတော့ ကောင်းတဲ့အကျိုးကို ခံစားရမှာပဲ။ ထို့အတူ မကောင်းတဲ့အမှု တစ်ခုခုကို ပြုလုပ်ထားပြီး ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းထိ မကောင်းတဲ့အကျိုးကို မခံစားရတဲ့အတွက် ကိုယ်ပြုထားတဲ့မကောင်းမှုဟာ အချည်းနှီးဖြစ်သွားပြီလို့မဆိုနိုင်ဘူး။ တစ်ချိန်ချိန်မှာတော့ မကောင်းတဲ့အကျိုးကို ခံစားရမှာပဲ။ စေတနာနဲ့ပြုလုပ်တဲ့ အမှုဆိုတာ အချည်းနှီးဖြစ်တယ်လို့ မရှိဘူး။ တစ်ချိန်ချိန်တော့ အကျိုးပေးမှာပဲ။

ဒါကြောင့် ကိုယ်နဲ့လုပ်တာဖြစ်ဖြစ်၊ နှုတ်နဲ့ပြောတာဖြစ်ဖြစ်၊ စိတ်နဲ့ကြံတာဖြစ်ဖြစ် ကိုယ်ပြုတဲ့အမှုဟာ ကောင်းတဲ့အမှုလား၊ မကောင်းတဲ့အမှုလားလို့ ခွဲခြားသိဖို့လိုတယ်။ အပြစ်ကင်းပြီး ကောင်းတဲ့အကျိုးကို ပေးတဲ့ အမှုမျိုးဆိုရင် ကောင်းတဲ့အမှု၊ အပြစ်မကင်းဘဲ မကောင်းတဲ့အကျိုးကို ပေးတဲ့အမှုဆိုရင် မကောင်းတဲ့အမှုလို့ သိရမယ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ။ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ။ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ။ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ။ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ။ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ။ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ။ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ။ ပေါင် (၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ






ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂





ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား ...




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ကျောက်တန်းစံပြကျေးရွာအုပ်စု၊ ကျောက်တန်းကျေးရွာနေ ဦးကျော်မင်းခိုင်-ဒေါ်ဌေးဌေး တို့၏သား **မောင်ဂယ်ဒီရျန် (၉/မလန(နိုင်)၁၃၈၄၆၁)** သည် မိဘညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် (၅-၆-၂၀၂၄)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ဌေးဌေး (၉/မလန(နိုင်)၀၃၇၄၈၀)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အ. ထ. က(၃)ကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်စိုးမိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလှဝင်းနိုင် ဖြစ်ပါကြောင်း။

**ဦးလှဝင်းနိုင်(၉/ကဆန(နိုင်)၁၈၂၁၅၈)**

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်နေ မောင်မင်းခိုင် (ဘ)ဦးဇော်ဝင်း(၉/နထက(နိုင်)၁၅၅၈၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-858032)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၆၄၈၂၉၁

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နေ မသင်းသင်းဆွေ (ဘ)ဦးအောင်ဌေ(၉/တသန(နိုင်)၁၄၉၉၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-782610)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၁၉၂၂၁၆၈

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အ. ထ. က(၃)ကျောင်းမှ Grade-11 တန်းတွင် ပညာသင်ကြားနေသော မောင်ဇော်ဇော်အောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းဝင်းဦး ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းဦး(၉/ကဆန(နိုင်)၁၃၁၃၀၅)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## လေလံတင်ထုခွဲရောင်းချရေးအဖွဲ့
## ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း
## လေလံကြော်ငြာစာအမှတ်(၁/ ၂၀၂၄)

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများဖြစ်သည့် ဓာတ်ဆီ (၃၀၀)ဂါလန်၊ ဒီဇယ်ဆီ(ချက်ဆီ) (၂၅,၉၀၈)ဂါလန် နှင့် ၉၀၀ ဂါလန်ဆံ့ လေးထောင့်သံတိုင်ကီ (၁)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၁၇-၇-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း |
| (ခ) လေလံလျှောက်လွှာ ပိတ်မည့်ရက် | - | (၃၁-၇-၂၀၂၄)ရက်နေ့ (၁၆း၀၀)နာရီထိ |
| (ဂ) လေလံဖွင့်မည့်ရက် | - | (၁-၈-၂၀၂၄) ရက်နေ့ နံနက် (၁၁း၀၀)နာရီ |
| (ဃ) လေလံဖွင့်မည့်နေရာ | - | ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယစစ်ဆေးရေးအရာရှိချုပ်ရုံး (အထက်မြန်မာပြည်) မန္တလေးမြို့။ |
| (င) လေလံလျှောက်လွှာ ရောင်းချမည့်နေရာ | - | ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (ဖုန်း၊ ၀၂-၄၀၃၉၂၀၉၊ ၀၉-၈၉၆၅၀၁၇၆၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အ. ထ. က(ခွဲ)ဒွေးလှကျောင်းမှ Grade-7 တန်းတွင် ပညာသင်ကြားနေသော မရွှန်းလဲ့သဒ္ဒါ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဗိုလ်မင်းနိုင် ဖြစ်ပါကြောင်း။

**ဦးဗိုလ်မင်းနိုင် (၉/ကဆန(နိုင်)၁၁၀၉၅၂)**

စာအုပ်စာပေ လူ့မိတ်ဆွေ

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အ. ထ. က (၁)၊ Grade-12 (မြတ်လေး)ခန်းတွင် ပညာသင်ကြားနေသော မောင်သီဟဇော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်စိုး ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး (၉/ကဆန(နိုင်)၀၀၉၇၀၁)**

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အ. မ. က(၆)ကျောင်းမှ Grade-5 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်နိုင်ဝင်း ၏သမီး မဖွေးရတီထွန်း ၏အမည်အား မသွယ်မြတ်နိုးဟန် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မသွယ်မြတ်နိုးဟန်**

## အမည်မှန်

ကျောက်ဆည်မြို့နယ်၊ မူလွန် အင်းကုန်းစက်ကျောင်းမှ Grade-6 တန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းဟိန်းခန့် ၏အမည်အား အိမ်ထောင်စုလူဦးရေစာရင်းအရ အမည်မှန် မောင်ဖုန်းဟိန်းခန့် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖုန်းဟိန်းခန့်**

## အမည်မှန်/ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အ. ထ. က(၁)ကျောင်းမှ Grade-12 (သရဖီ)ခန်းတွင် ပညာသင်ကြားနေသော မယမင်းရွှေစင် အား မယမင်းရွှေဇင် ဟုပြောင်းလဲခေါ်ပါရန် နှင့် သူမ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးပေ ဖြစ်ပါကြောင်း။

**မယမင်းရွှေဇင် (၉/ကဆန(နိုင်)၂၂၂၂၂၇)**

**ဦးစိုးပေ (၉/ကဆန(နိုင်)၁၉၈၂၆၄)**

စာအုပ်စာပေ လူ့မိတ်ဆွေ

❖ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံ အုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များ ခြင်းပင်ဖြစ်...

❖ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ၂၅ရက်တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မက်အင်တိုင်ရီ ဆွတ်ခူး



**အီဒင်ဘာ့ဂ် ဇူလိုင် ၁၅**

စကော့တလန်နိုင်ငံတွင် ကျင်းပခဲ့သည့် Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တလန်ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား အာဒမ်စကော့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ပြင်သစ်ဂေါက်သီးရိုက်ကစားသမား လန်ဂါစကွီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ **စာမျက်နှာ ၂၂ ကော်လံ ၁** ❖

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်**

စာမျက်နှာ - ၂၀

## (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက် (သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း (ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

(မိုး/ဇလ)

